ကြေးမုံ
၂၀၂၄ ခုနှစ်၊ (၇၉) နှစ်မြောက်
တပ်မတော်နေ့ အထူးထုတ်
၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက် (ဗုဒ္ဓဟူးနေ့)

# ၇၉ နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။



# တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိပါမည်



## ကောင်းဆက်

**မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းမှာ စည်းလုံးညီညွတ်မှုပြိုကွဲခြင်းနှင့် အင်အားတောင့်တင်းသော ခေတ်မီတပ်မတော်တစ်ရပ် ခိုင်ခိုင်မာမာမရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သမိုင်းကပေးသော သင်ခန်းစာအရ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မျိုးချစ်စိတ်ထက်သန်ခဲ့ကြသည့် မြန်မာလူငယ်တစ်စုသည် လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ရန် ဂျပန်အကူအညီဖြင့် ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားခဲ့ကြသည်။**

ဟိုင်နန်ကျွန်းတွင် မြန်မာမျိုးချစ်လူငယ်သုံးကျိပ်တို့ ဆင်းရဲပင်ပန်းစွာ စစ်ပညာသင်ယူခဲ့ပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေး တပ်မတော်(ဘီအိုင်အေ)ကို စတင်ဖွဲ့စည်းခဲ့ရာမှမြန်မာ့တပ်မတော် စတင်သန္ဓေတည်ခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် စတင်ဖွဲ့စည်းစဉ်က ရဲဘော်သုံးကျိပ်နှင့် အတူ တပ်သားသစ် ၁၀၀ ကျော် စာရင်းပေးခဲ့သည်။ ထိုမှတပ်သားသစ်ထပ်မံစုဆောင်းခဲ့ရာ မြန်မာပြည်အတွင်းသို့ ပြန်လည်မဝင်ရောက်မီအထိ အင်အား ၁၅၀၀ အထိ ရှိလာခဲ့သည်။ ထိုအချိန်တွင် ဗိုလ်နေဝင်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်ဝင်အချို့က မြေအောက်တော်လှန်ရေး လုပ်ငန်းများဆောင်ရွက်ရန် ကြိုတင်၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြပြီး လျှို့ဝှက်စွာ စစ်သင်တန်းပေးခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့ကို လက်နက်ကိုင်တိုက်ပွဲဝင်ရန် ဂျပန်ထံမှ လက်နက်နှင့် စစ်ပညာအကူအညီယူကာ ဂျပန်တို့နှင့်အတူ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းသုံးကြောင်းခွဲကာဝင်ရောက်ခဲ့ကြသည်။ မော်လမြိုင်မြို့ကို သိမ်းပြီးပါက မြန်မာ့လွတ်လပ်ရေးကိုကြေညာပြီး ယာယီအစိုးရဖွဲ့ပေးရန် စီစဉ်ခဲ့သော်လည်း ဂျပန်တို့က အစီအစဉ်ပြောင်းကာ ဂျပန်စစ်ဘက်အုပ်ချုပ်ရေးဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။

ရဲဘော်သုံးကျိပ်ဖြင့်စတင်တည်ထောင်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်တို့အား ဂျပန်တပ်မတော်နှင့်ပူးပေါင်းကာ မြန်မာ့မြေပေါ်မှ တိုက်ထုတ်ခဲ့ကြသည်။ ထိုစဉ်က ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်သားများ၏ သတ္တိပြောင်စွာ ရွှေတောင်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ပုံများကို ရန်သူစစ်ဗိုလ်ချုပ်ကြီးတစ်ဦးက ဤသို့ မှတ်ချက်ပြုထားသည်-

**ဖက်ဆစ်ဂျပန်တို့သည် လွတ်လပ်ရေးပေးမည့်ကတိကို ပျက်ကွက်ခဲ့သည့်အပြင် မြန်မာပြည်သူလူထုအပေါ် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သည့်အတွက် မြန်မာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ထုတ်ခဲ့ပြီး လွတ်လပ်ရေးရသည်အထိ ပါဝင်ဆောင်ရွက်နိုင်ခဲ့သောကြောင့် ထိုနေ့ကို တော်လှန်ရေးနေ့အဖြစ်သတ်မှတ်၍ ၁၉၅၅ ခုနှစ်မှစတင်ကာ တပ်မတော်နေ့အဖြစ်သတ်မှတ်ခဲ့၊ မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက် ရဲစွမ်းသတ္တိနှင့်ပြည့်စုံပြီး စစ်နည်းဗျူဟာကျွမ်းကျင်မှုများက မြန်မာ့သမိုင်းတွင် အထင်အရှားရှိခဲ့**



“ရန်သူများတွင် အပြာရောင် ဝတ်စုံများ ဝတ်ဆင်ထားသော ဘီအိုင်အေစစ်သား အများအပြားပါဝင်သည်။ ဤစစ်သားများသည် ရွှေတောင်မြို့ထဲတွင်လည်းကောင်း၊ မြို့ပြင်တွင်လည်းကောင်း ကျွန်ုပ်တို့အား သဲသဲမဲမဲ တိုက်ခိုက်ကြ၏။ သေနတ်ပြီးသည်ဟု ယူဆထားကြသောကြောင့်လည်း တိုက်ပွဲအစတွင် အကာအကွယ်မယူဘဲ ဇွတ်တရွတ်ပင်တိုက်ခိုက်ကြသည်”ဟု မြန်မာပြည်စစ်မြေပြင်မှ စစ်ရေးရှုံးနိမ့်၍ ဆုတ်ခွာခဲ့ရသော အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီး ဝီလျံစလင်းက မှတ်ချက်ပြုထားသည်ကို ဖတ်မှတ်ရသည်။

ဖက်ဆစ်ဂျပန်တို့သည် လွတ်လပ်ရေးပေးမည့်ကတိကို ပျက်ကွက်ခဲ့သည့်အပြင် မြန်မာပြည်သူလူထုအပေါ် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သည့်အတွက် မြန်မာ့တပ်မတော်သည် ၁၉၄၅ ခုနှစ်

အထူးထုတ် [ ၈ ] သို့ »»



၂၇-၃-၂၀၂၃ ရက်နေ့က ကျင်းပသည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်းကြီးများ ချီတက်စဉ်။



၂၇-၃-၂၀၂၁ ရက်နေ့ကကျင်းပသည့် (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ကြောင်းကြီးများက ချီတက်အလေးပြုကြစဉ်။

»»» အထူးထုတ် [ ခ ] မှ

မတ်လ ၂၇ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ထုတ်ခဲ့ပြီး လွတ်လပ်ရေးရသည်အထိ ပါဝင်ဆောင်ရွက်နိုင်ခဲ့သောကြောင့် ထိုနေ့ကို တော်လှန်ရေးနေ့အဖြစ်သတ်မှတ်၍ ၁၉၅၅ ခုနှစ်မှစတင်ကာ တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက် ရဲစွမ်းသတ္တိနှင့်ပြည့်စုံပြီး စစ်နည်းဗျူဟာကျွမ်းကျင်မှုများက မြန်မာ့သမိုင်းတွင် အထင်အရှားရှိခဲ့သည်။ ရှေးမြန်မာဘုရင်များလက်ထက်သူရဲကောင်းရွေးချယ်ပုံများက သမိုင်းတွင်ရစ်သည်။

ကုန်းဘောင်မင်းဆက်ကို တည်ထောင်သူ မုဆိုးဖိုရွာသူကြီး ဦးအောင်ဇေယျ (အလောင်းမင်းတရားကြီး)၏ သူရဲကောင်းရွေးချယ်ပုံကား လှံကိုင်တစ်ဦးက ရင်ဝဆီသို့ချိန်၍ လှံကိုကိုင်ထားကာ သူရဲကောင်းဖြစ်လိုသူက လှံဆီသို့ရင်ကော့ကာ ပြေးဝင်ရသည်။ ကြောက်ရွံ့သောအမူအရာမရှိစေရ။ လှံသွားဆီသို့ အတင်းဝင်တိုးသူမှာ အသက်ကိုစွန့်၍ လုပ်ရသော်လည်း ကျွမ်းကျင်သောလှံကိုင်က လှံသွားနှင့်နီးလျှင် လျင်စွာဖယ်ပေးရသည်။ သူရဲကောင်းလောင်းအား သွေးစွန်းလျှင် လှံကိုင်၏အပြစ်ဖြစ်သည်။ ဤနည်းဖြင့် သူရဲကောင်း ခြောက်ကျိပ်ရှစ်ယောက်ကို ရွေးချယ်ကြောင်းမှတ်သားရသည်။

ဤနည်းနှင်နှင် တောင်ငူဘုရင် တပင်ရွှေထီး၏ သူရဲကောင်းရွေးချယ်ပုံကလည်း တွေးကြည့်လျှင်ပင် ကျောစိမ့်စရာ။ လက်မပေါ်တွင် အပ်တင်လျက် ပေထက်၌ ထုနှက်ရိုက်စေရသည်။ အပ်ဝင်လျှင် အနည်းငယ်မျှ တုန်လှုပ်သွားသူအား သူရဲကောင်းဟုမသတ်မှတ်။ မကြောက်မရွံ့ နောက်မတွန့်သူကိုမှ ရွေးချယ်ခြင်းဖြစ်ပေသည်။ ထိုလူရွေးပွဲ၌ တပင်ရွှေထီး၏ ငယ်ကျွန်လက်စွဲတော် မောင်ထွားလည်း ပါဝင်သည်။ မောင်ထွားအလှည့်သို့ရောက်၍ သူ့လက်မပေါ်တွင် အပ်စိုက်ကာ တူနှင့်ရိုက်လိုက်သောအခါ သူသည် မသိမသာ အနည်းငယ်တွန့်သွား၏။ ထို့ကြောင့် သူရဲကောင်းအဖြစ်မှ ထုတ်ပယ်ခြင်းခံရသည်။

ဤတွင်မခံချင်လှသော မောင်ထွားသည် မင်းတရားရွှေထီးရှေ့တော်မှောက်၌ပင် ဓားမြှောင်ဖြင့် သူ့ရင်ကိုခွဲကာ ဝမ်းဗိုက်ထဲမှအူကို ဆွဲထုတ်ပြသည်။ အူခွေအဆုံးတွင် မြေပေါ်သို့ ဗုန်းဗုန်းလဲကာ သေဆုံးသွား လေသည်။ မင်းတရားရွှေထီး မိန့်ဆိုသည်ကား “ငထွားငဲ့- မင်းအပြုအမူဟာ သတ္တိရှိတာမဟုတ်ဘူး။ မိုက်တွင်းနက်တာ သက်သက်ပဲ”ဟူသတည်း။

အနော်ရထာမင်းလက်ထက်မှသည် သီပေါမင်းလက်ထက်အထိ မြန်မာတို့ တပ်မတော်ဖွဲ့ပုံမှာ မင်းဧကရာဇ်တို့ စံနေရာဖြစ်သော ရာဇဌာနီနေပြည်တော်တွင် အရှေ့၊ အနောက်၊ တောင်၊ မြောက် တည်းဟူသော လေးပြင်လေးရပ်တို့ကို စောင့်ရှောက်ရသည့် ထောင်မှူးလေးဦး၊ သူရဲလေးထောင်မှတစ်ပါး အမြဲဖွဲ့စည်းထားသော တပ်ဟူ၍မရှိ။ စစ်မက်အရေး ပေါ်ပေါက်လာသည့်အခါတွင်မှ တစ်နိုင်ငံလုံးရှိ ရဲစွမ်းသတ္တိနှင့်ပြည့်စုံပြီးသန်မာသူများကို ဆင့်ခေါ်စုရုံးဖွဲ့စည်း တိုက်ခိုက်စေကြသည်။

ရှေးမြန်မာဘုရင်များလက်ထက်က အရေးကိစ္စရှိ၍ စစ်ချီလိုလျှင် ကောက်ကာငင်ကာခေါ်ယူ၍ ရအောင်တည်ထောင်ဖွဲ့စည်းထားသောကျိုပ်ပြု၊ ရာပြု၊ ထောင်ပြုမြို့ဟု သတ်မှတ်သိမ်းသွင်းထားသော မြို့ရွာများရှိသည်။ အနော်ရထာမင်းလက်ထက်တွင် သိန်းပြုမြို့၊ ထောင်ပြုမြို့၊ ရာပြုမြို့၊ ကျိုပ်ပြုမြို့များထားရှိပြီး အရေးကြုံလျှင် ဆင့်ခေါ်၍ စစ်မှုထမ်းစေသည်။ စစ်ထွက်ရမည်ဟု ဆင့်ခေါ်အကြောင်းကြားသည်နှင့် စစ်သည်တော်များသည် မိမိတို့၏ လယ်ယာလုပ်ငန်းခွင်များ၊ အလုပ်အကိုင်များကို ပစ်ထားခဲ့ကြပြီး သက်ဆိုင်ရာတပ်ဖွဲ့များသို့ ချက်ချင်းသွားရောက် သတင်းပို့၍ စစ်ထွက်ရန် ပြင်ဆင်ကြသည်။ ယနေ့ နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အလားသဏ္ဌာန်တူသည်။

ရှေးကျမ်းများအဆိုအရ သေနင်္ဂဗျူဟာ စစ်အတတ်ပညာတွင် ဆင်၊ မြင်း၊ ရထား၊ ခြေသည် ဟူသည့်စစ်အင်္ဂါလေးပါးရှိသည်။ စစ်အင်္ဂါလေးပါးအနက် ရထားတပ်နှင့်ပတ်သက်၍ မြန်မာ့သမိုင်းတွင်မရှိသော်လည်း လှေ၊ သင်္ဘော စသည့် ရေကြောင်းဆိုင်ရာ စစ်ချီမှုများရှိသည့်အတွက် မြန်မာ့ရေ၊ မြေနှင့် ကိုက်ညီစေရန် တီထွင်သုံးစွဲခဲ့ကြောင်းသိရှိနိုင်ပေသည်။

> **ရှေးကျမ်းများ အဆိုအရ သေနင်္ဂဗျူဟာ စစ်အတတ်ပညာတွင် ဆင်၊ မြင်း၊ ရထား၊ ခြေသည် ဟူသည့် စစ်အင်္ဂါလေးပါးရှိသည်။ စစ်အင်္ဂါ လေးပါးအနက် ရထားတပ်နှင့်ပတ်သက်၍ မြန်မာ့သမိုင်းတွင် မရှိသော်လည်း လှေ၊ သင်္ဘော စသည့် ရေကြောင်းဆိုင်ရာ စစ်ချီမှုများရှိသည့် အတွက် မြန်မာ့ ရေ၊ မြေနှင့် ကိုက်ညီစေရန် တီထွင်သုံးစွဲခဲ့ကြောင်း သိရှိနိုင်**

ခြေ ၁၀ ပွဲရမှ မြင်းသို့ တင်သည်၊ မြင်း ၁၀ ပွဲရမှ ဆင်သို့ တင်သည်၊ ဆင် ၁၀ ပွဲရမှ လှေသို့ တင်သည်၊ လှေ ၁၀ ပွဲရမှ မြို့ပြ ကံကျွေးပေး၍ သူကောင်းပြုသည်ဟု ရှေးကျမ်းများတွင် ဆိုထားရာ လှေတပ်သည် အဆင့်မြင့်အရေးပါကြောင်း သိနိုင်ပေသည်။

တပ်မတော် ဖွဲ့စည်းရာတွင်လည်း ငါးယောက် တစ်အိုးစား၊ နှစ်အိုးစား တစ်ကြပ်၊ ငါးကြပ် တစ်သွေးသောက်၊ နှစ်သွေးသောက် တပ်မှူးတစ်ယောက်၊ ငါးတပ်မှူးလျှင် တစ်ဗိုလ်ဖြင့် ဖွဲ့စည်းထားရာ တပ်တစ်တပ်(တပ်ရင်းတစ်ရင်း)လျှင် အုပ်ချုပ်သူအပါအဝင် စုစုပေါင်း ၅၆၆ ဦး ပါရှိသော်လည်း အများအားဖြင့် ၅၀၀ တပ်ဟုခေါ်ဝေါ်ကြသည်။

စစ်သည် ရွေးချယ်ရာတွင်လည်း မျက်စိမှုန်မွဲ၊ တိမ်မျက်ခမ်းစပ်၊ ပန်းနာဒူလာအားကြီး၊ ကြက်ဝက်မှင်တက်ရောဂါ၊ အိပ်ရာယောင်ယမ်း၊ ဦးဆံရှုပ်ထွေး၊ ကိုယ်ထက်ဒူးရှည်၊ ပေါင်ရှည်၊ ခြေသိမ်၊ လက်သိမ်၊ အသက် ၂၀ မပြည့်၊ ၅၀ ကျော်သူများကိုမရွေးချယ်ကြောင်း မှတ်သားရသည်။

ရှေးမြန်မာမင်းများလက်ထက် စစ်ချီရာတွင် စစ်လမ်းကျသောအရပ်တို့၌ ပြည်သူကို သက်ညှာသလောက် သာလွန်မင်းလက်ထက် အမိန့်တော်ပြန်တမ်းတစ်ခုတွင် “စစ်အင်္ဂါလေးပါးနှင့် ချီတော်မူရာပါသည့် မင်းသား၊ ဗိုလ်မှူး၊ တပ်မှူး၊ ဝန်၊ ဝင်းမှူးတို့မှစ၍ အုပ်စုတပ်ပါစစ်ကဲ၊ နာခံ၊ တပ်ရေးအရာအကြပ်အကွပ်တို့၊ အုပ်စုသူရဲသူခက်တို့သည် လမ်းခရီးဆိုင်သင့်ရာ မြို့ရွာတောနေများတွင် ကြက်၊ ဝက်၊ နွား၊ ကျွဲ၊ ဆိတ်တို့မှစ၍ သူ့အသက်တို့ကို သတ်စားခြင်းမှ ကြဉ်ရှောင်ရမည်။ အရှင်မပေးသောဥစ္စာကို မလုမယူ မဖျက်ဆီးစေနှင့်။ သမီးပျိုသားပျိုတို့ကို အညှဉ်းအပန်း မရှိစေနှင့်။ ဥစ္စာကြေးငွေ အဆောင်အရွက်တို့ကို မဖျက်မဆီးစေနှင့်။ အိမ်ထောင်ခမ်းနားယောကျ်ား မိန်းမတို့ကို မသိမ်းမယူစေနှင့်။ လူကိုလူချင်း အထိုးအခုတ်၊ အပုတ်အခတ် မရှိစေနှင့်။ ခိုက်ရန်ဒေါသမောဟမာန်မာနတို့ကို ချုပ်တည်းစေ။ မင်းရှိန်၊ စိုးရှိန် ကပ်ခို၍ အာဏာထုတ်ပြတောင်းဆိုသမျှကို ဆင်းရဲသားတို့က မပေးစေနှင့်။ တပ်တော်နှင့် အနီးအဝေး မထွက်မသွားစေနှင့်။ ဆင်မြင်းကြောင်းစားသည့် အရာမှာလည်း တပ်တော်နှင့်မဝေးအနီးအပါးတွင်သာ ကြောင်းစားစေ။ လူအစောင့်အနေ အကြည့်အရှု မလစ်မဟာင်းစေနှင့်။ နောက်တော်လိုက်အစုစုကျွန်တော်မျိုးတို့တွင် အချင်းချင်းခိုက်ပွားရန်စစ် မရှိစေနှင့်။ အလော်အလည်ပြိုင်၍မဆိုစေနှင့်။ အသောင်းအကျန်းမပြု

အထူးထုတ် [ ဃ ] သို့ »»»



၅-၇-၂၀၂၂ ရက်နေ့က နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် တပ်မတော်(ရေ)မှ စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း (Sea Shield-2022) လေ့ကျင့်ဆောင်ရွက်စဉ်။

»»» အထူးထုတ် [ ဂ ] မှ

စေနှင့်။ အပ်ထားသောဘဏ္ဍာတော်များကို မယိုမယွင်းစေနှင့်။ လက်နက်ကိရိယာ အပ်တော်မူသမျှ အပျက်အစီး အကျိုးအပဲ့ မရှိစေနှင့်။ ပေါက်ပြတ်ရာ အနာမလွတ် မကင်းရှိသည့် ဘဏ္ဍာတော်များကိုပြ၍ အစီရင်ခံစေ။ မကောင်းလျှင်ပြင်လုပ်၍ အပ်မြဲအပ်။”ဟူ၍ ဖော်ပြထားရာ ရှေးခေတ် တပ်မတော်သားတို့၏ ပြည်သူအပေါ် ထားရှိရမည့် ကျင့်ဝတ်များ၊ စည်းကမ်းချက်များကို ထင်ရှားစွာ သိမြင်နိုင်ပေသည်။

ဤကဲ့သို့ ရှေးမင်းများလက်ထက် မြန်မာ့တပ်မတော်၏ သူရဲကောင်း ရွေးချယ်ပုံ၊ ဖွဲ့စည်းပုံ၊ စစ်ချီစစ်တက်ပုံများကို အကျဉ်းမျှဖော်ပြရခြင်းမှာ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှု၊ တိုင်းပြည်အင်အား တောင့်တင်းမှုစသည်တို့ကို သိစေလိုရင်းဖြစ်ပါသည်။ ထိုကဲ့သို့ သမိုင်းအရောင် ထွန်းပြောင်ခဲ့သော မြန်မာ့တပ်မတော်သည် နယ်ချဲ့တို့၏ ဩဇာခံ လက်အောက်ကျရောက်ခဲ့ရသောအခါ ဆယ်စုနှစ်တိုင်အောင် အပြင်းအထန် တိုက်ခိုက်နှိမ်နင်းခံရမှုကြောင့် ပြိုကွဲပျောက်ကွယ်ခဲ့ရလေသည်။ သို့သော်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ဇာတိသွေး၊ ဇာတိမာန်နှင့် ကျူးကျော်မှုကို ခုခံတော်လှန်စိတ်ကတော့ ပျောက်ပျက်မသွားခဲ့ပေ။

အချိန်အခါသင့်၍ လွတ်လပ်ရေးကြိုးပမ်းမှုကာလသို့ ရောက်ရှိသောအခါ နယ်ချဲ့ကို လက်နက်ကိုင်တော်လှန်ရန် တပ်မတော်တစ်ရပ် မရှိမဖြစ်လိုအပ်ကြောင်း မျိုးချစ်လူငယ်များက အထက်က ဆိုခဲ့ပါ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို သိမြင်နေကြသော ဂျပန်၊ မဟာမိတ်အစရှိသည့် ကျူးကျော်နယ်ချဲ့သမားများသည် မြန်မာ့တပ်မတော် အင်အားကြီးထွားမလာစေရန် အမျိုးမျိုးအဖုံဖုံကြံဆောင်၍ အင်အားလျော့နည်းအောင် ဆောင်ရွက်ခဲ့ကြသည်။ မဖြစ်မနေ လွတ်လပ်ရေးပေးခဲ့ရသော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် သွေးထိုးသပ်လျှို၍ သွေးခွဲထားခဲ့ကြသည်။

ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်တို့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး မကြာမတင်မှာပင် ပေါ်ပေါက်ခဲ့သော ပြည်တွင်းရောင်စုံသောင်းကျန်းမှုများနှင့် အလားသဏ္ဌာန်တူသည်။ ထိုအချိန်က ဆိုရှယ်လစ်၊ ကွန်မြူနစ် ဝါဒရေးအားပြိုင်ရာမှ ဖဆပလပါတီအတွင်းကွဲကြပြဲကြသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး မတ်လတွင် ကွန်မြူနစ်တို့ တောခိုသည်။ ဇူလိုင်လတွင် ရဲဘော်ဖြူများ တောခိုသည်။ ထို့နောက် ကေအင်ဒီအို(ကရင်)၊အမ်အင်ဒီအို(မွန်) စသည်ဖြင့် တစ်နိုင်ငံလုံးနီးပါး ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ပြီး မြန်မာ့သမိုင်းတွင်ရောင်စုံသောင်းကျန်းမှုဟု ထင်ရှားခဲ့သည်။ ထိုစဉ်က ရောင်စုံသောင်းကျန်းသူများ၏ လူသတ်၊ ဓားပြတိုက်၊ ဆက်ကြေးကောက်စသည့်မင်းမဲ့စရိုက် ပြုမူလုပ်ဆောင်မှုများသည် ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော PDF အမည်ခံ အကြမ်းဖက်သမားများ လုပ်ဆောင်နေမှုများနှင့် တစ်ထပ်တည်းပင်။ ထိုစဉ်က အစိုးရမှာလည်း ရန်ကုန်အစိုးရဟု လှောင်ပြောင်အခေါ်ခံရလောက်အောင် ရန်ကုန်ကွက်ကွက်သာ ဩဇာအာဏာသက်ရောက်ပြီး တပ်မတော်တွင်လည်း ရှိသမျှတပ်အင်အား၊ စစ်ဝန်ထမ်းတပ်ဖွဲ့၊ ပြောက်ကျားတပ်ဖွဲ့စသည်ဖြင့် နည်းနည်းနှင့် ကျဲကျဲဝိုင်းကာ ခုခံကာကွယ်ခဲ့ရပြီး ရောင်စုံသောင်းကျန်းသူများလက်မှ မြို့ရွာများကို ပြန်လည်သိမ်းယူခဲ့ရသည်။ လွတ်လပ်ရေးရပြီးသည်မှ ယနေ့တိုင်အောင် ခေတ်အဆက်ဆက် နိုင်ငံတော်တွင်ပေါ်ပေါက်ခဲ့သော တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်များ၊ မင်းမဲ့စရိုက်ဆူပူမှုများတွင် တပ်မတော်၏ ကာကွယ်စောင့်ရှောက်နှိမ်နင်းမှုများက သမိုင်းစာမျက်နှာများတွင် အထင်အရှား လှေ့လာနိုင်သည်။

ယနေ့ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသော မြန်မာ့တပ်မတော်သည် မြန်မာပြည်လွတ်လပ်ရေးအတွက် ၁၉၄၁ ခုနှစ်မှ စတင်သန္ဓေတည်ပေါက်ဖွားခဲ့သည်ဆိုသော်လည်း ရှေးမြန်မာမင်းတို့၏ ထုံးနည်းနှုန်းစံများကို စံထား၍ ပြည်သူသာအမိ၊ ပြည်သူသာအဖ၊ ပြည်သူ့ကြားမှ ပေါက်ဖွားလာသည့် တပ်မတော်သားများဖြစ်သည်နှင့် အညီ ပြည်သူပူးပေါင်းမှုဖြင့်သာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ယနေ့အချိန်အခါတွင် ပါတီနိုင်ငံရေးကိုအခြေခံ၍ ရွေးကောက်ပွဲမဲမသမာမှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ကာ PDF အမည်ခံ အကြမ်းဖက်သမားများက လူသတ်၊ ဓားပြတိုက်၊ ဆက်ကြေးကောက် တိုင်းဆူပြည်ဖျက်လုပ်ရပ်များကို လုပ်ဆောင်နေကြသည်။ ပြည်တွင်းပြည်ပ အဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့်လည်း အမျိုးသားစည်းလုံးညီညွတ်မှုအားနည်းနေသည်။

ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ဖြေရှင်းနိုင်ရန်နှင့် ရေရှည်တွင် အင်အားတောင့်တင်းခိုင်မာသော တပ်မတော်တစ်ရပ် တည်ရှိနိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့စစ်မှုထမ်းစနစ် (သို့မဟုတ်) ပြည်သူ့စစ်မဟာဗျူဟာကိုကျင့်သုံး၍ တိုင်းပြည်၏ အဖျက်ရန်စွယ်မှန်သမျှ တိုက်ခိုက်နှိမ်နင်းပြီး အမျိုးသား စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်နိုင်ရန် ပြည်သူများအနေဖြင့် တပ်မတော်၏ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများတွင် ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား-**

- မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း
- မြန်မာပြည်စစ်မြေပြင် (တက္ကသိုလ်နန္ဒမိတ်)
- ရဲဘော်သုံးကျိပ်(ကျော်ငြိမ်း)
- ကုန်းဘောင်ရှာပုံတော်(ညိုမြ)
- သာလွန်မင်းလက်ထက် အုပ်ချုပ်ရေး (ဒေါက်တာသန်းထွန်း)

## ညောင်ရေလောင်းလို့ ပျိုဆုတောင်း

☆ မိုးညိုမိုးမည်း၊ စိုစို့ရွှဲ၍
သို့ရွှဲစိုငြား၊ ဆိုစကားမူ
“စစ်သားဟူက၊ ရေစိုမှလှ”သတဲ့
စနောက်ဆိုခိုက်၊ အမှန်ကြိုက်သည့်
တိုက်တိုင်းမှာအောင်၊ ပျိုတို့မောင်တွေ
မသွေရှေ့ဆက်၊ သွက်လက်ညီစွာ
ချီတက်ရာလမ်း အောင်လံထူ။
☆ နှင်းမှုန်ဖွေးဖွေး၊ ခင်းခြုံထွေးလို့
ချမ်းအေးသော်ငြား၊ မရှောင်အားပေ
တို့များရှာပြည်၊ တာရှည်အေးချမ်း
ဘေးမသန်းအောင်၊ စွမ်းဆောင်ရှေ့ဆက်
အဖျက်နှိမ်နင်း၊ စိတ်ရင်းညီတူ
ပြည်သူ့အရေး ယူပေးသူ။
☆ ရွက်ဝါလွင့်ကြွေ၊ ပူပြင်းနေနှင့်
လေရူးမွှေနှောက်၊ နွေခါရောက်၍
ပိတောက်သင်္ကြန်၊ ပျော်ကြောင်းဖန်လည်း
စုန်ဆန်လာသွား၊ နယ်စွန်ဖျားထိ
တရားသောစစ်၊ စစ်မြေချစ်သည့်
ပြည်ချစ်ဇာနည်၊ လွမ်းငွေ့စီလည်း
တိုင်းပြည်တွက်သာ ဦးစားပေး...။
☆ ဪ...
ရာသီမိုးနှောင်း၊ သည်ဆောင်းနဲ့နွေ
ပြောင်းခဲ့ပေလည်း၊ မသွေမလွဲ
ကျေမြဲဝန်တာ၊ စဉ်လာမပျက်
နေ့ညဆက်ရင်း၊ တလင်းစစ်မြေ
ချစ်ဆွေအများ၊ ပြည်သူ့သားတို့
စွမ်းအားပီပြင်၊ အောင်ပန်းဆင်ကာ
“အစဉ်ထာဝရ မြန်မာ့မျက်ပွင့်”
မျိုးဂုဏ်မြှင့်၍ တင့်ပါစေ...။
နိုင်ငံ အဓွန့်ရှည်ပါစေ
တရားသောစစ် အောင်ပါစေ...။

အကျော်ပင်

# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေခွဲမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 March 2024 ၁၁၄၁၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိုဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥယျာဉ်ပြင်၌ ကျင်းပပြုလုပ်သည်။

အကြိုဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


## ယနေ့ ဖတ်စရာ


ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပုဂ္ဂိုလ်များအား စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

စာမျက်နှာ » ၆

(၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

စာမျက်နှာ » ၈

လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ မူလအခြေအနေထက်သာလွန်ကောင်းမွန်စေရေး လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်မှုကြောင့် အကောင်အထည်ပေါ်လာခဲ့သည့် ကျောက်တော်မြို့နယ်

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# အစဉ်အလာကောင်းသည့် တပ်မတော်ကိုဂုဏ်ပြု

မြန်မာနိုင်ငံသည် ကွဲပြားခြားနားသော ပထဝီအနေအထား၊ အသွေးအရောင်မတူသည့် တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် အရေးသုံးပါးသည် အရေးအကြီးဆုံးအချက် ဖြစ်ပါသည်။ တပ်မတော်သည် သမိုင်းကြောင်းတစ်လျှောက်တွင် ထိုအရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး တိုင်းပြည်တာဝန်များကို ကျရာကဏ္ဍမှ ကျေပွန်စွာထမ်းရွက်လျက်ရှိပါသည်။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှု အခန်းကဏ္ဍတွင် အဓိကကဏ္ဍမှ ပါဝင်ခဲ့ပြီး လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင်လည်း ပင်မကဏ္ဍိုင်မှ ပါဝင်ခဲ့သည်။ တိုင်းပြည်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေအရပ်ရပ်ကြောင့် အရေးသုံးပါးကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်အတွက် တပ်မတော်သည် နိုင်ငံ့တာဝန်များကို မလွှဲသာမရှောင်သာဘဲ တာဝန်ယူခဲ့ရသည်။ တပ်မတော်သည် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးလိုအပ်ချက်မှန်သမျှကို ရယူတည်ဆောက်ပေးခဲ့သည်။ သမိုင်းကြောင်းအခြေအနေအရ ဖြစ်ပေါ်လာသော ပြဿနာအရပ်ရပ်ကို ပီပီပြင်ပြင်ဖြေရှင်းပေးခဲ့သည်။

တပ်မတော်သည် အဓိကတာဝန်ဖြစ်သည့် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင် မိမိတို့၏ အသက်ခန္ဓာများကို ပေးဆပ်ရန်ပင် မတွန့်မဆုတ်ဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူများအပေါ် ချစ်မြတ်နိုးကြောင်း သက်သေအမျိုးမျိုးညွှန်းဆိုခဲ့ပြီးဖြစ်သည်။ တပ်မတော်သားများသည် နယ်ချဲ့လက်ပါးစေ၊ အမျိုးသားသစ္စာဖောက်၊ အဖျက်သမားသောင်းကျန်းသူများနှင့် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရသည့် တိုက်ပွဲများတွင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့အမျိုးသားရေးတို့အတွက်ဟူသော ခိုင်ကြည်သည့် သန္နိဋ္ဌာန်စိတ်ဖြင့် ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့ကြသည်ချည်းပင်ဖြစ်သည်။ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် စွန့်လွှတ်စွန့်စားကာ တိုက်ခိုက်ခဲ့ကြသည်။

ဤသို့ အသက်ခန္ဓာများကို စွန့်လွှတ်ပေးဆပ်ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို မည်မျှအထိ၊ မည်သည့်အတိုင်းအတာအထိ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည်ဟူသောအချက်မှာ ပေါ်လွင်ထင်ရှားလျက်ရှိသည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားနှင့်နိုင်ငံရေးအခြေအနေအရ လွတ်လပ်ရေးရရှိပြီး သမိုင်းကြောင်းတစ်လျှောက်တွင် ပါဝင်ခဲ့ရသည့် အစိုးရများက နိုင်ငံတော်ကို တည်ဆောက်လိုက်၊ သောင်းကျန်းသူ အဖျက်သမားများက နိုင်ငံတော်ကို ဖျက်ဆီးလိုက်နှင့် အဆိုးသံသရာတွင် ကျင်လည်နေရသည်။ အကျိုးဆက်မှာ တိုင်းပြည်အောက်ကျ၊ နောက်ကျဖြင့် ရှေ့မတက်နိုင်အောင် ဖြစ်ခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက ပြည်သူများလိုလားသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုးဝင်သည့် လူမှုစီးပွားဘဝမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်ရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်လျက်ရှိသည်။

တပ်မတော်အနေဖြင့် (၇၉)နှစ်မြောက် တပ်မတော်နေ့အတွက် ချမှတ်ထားသည့် ဦးတည်ချက်များအတိုင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိသည်။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုနှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေးကို အစဉ်တစိုက် အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးတွင် တပ်မတော်က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာ ကောင်းမြတ်ခဲ့သည့် တပ်မတော်သည် ခေတ်အဆက်ဆက်၌ တိုင်းပြည်ကာကွယ်ရေးနှင့်တည်ဆောက်ရေးအတွက် ပေးအပ်သည့် တာဝန်များကိုကျေပွန်စွာထမ်းရွက်ခဲ့သလို မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားများကို ကျေပွန်စွာ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့် တပ်မတော်ကို ဂုဏ်ပြုလိုက်ရပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ အဘ်ဟေး တာကူးရ် အား ခန့်အပ်ရန် သဘောတူညီပြီးဖြစ်

**နေပြည်တော် မတ် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီနေးကူးမား နေရာတွင် မစ္စတာ အဘ်ဟေး တာကူးရ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အဘ်ဟေး တာကူးရ် ကို ၁၉၆၉ ခုနှစ် စက်တင်ဘာ ၁ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် စက်မှုအင်ဂျင်နီယာဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိထားသူဖြစ်သည်။ ၎င်းသည် အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနသို့ သံရုံးစာရေး(အစမ်းခန့်)အဖြစ် ၁၉၉၂ ခုနှစ်တွင် စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပြီး အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၊ ဗြိတိန်နိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီးရုံး၊ အစ္စရေးနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၊ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတို့တွင် သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၆ ခုနှစ် ဩဂုတ်လမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ မော်ရစ်ရှပ်နိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီးအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ လက်ရှိအချိန်အထိ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကျင်းပရေးဆိုင်ရာ အိန္ဒိယနိုင်ငံကိုယ်စားပြု လက်ထောက်ညှိနှိုင်းရေးမှူး (Sous Sherpa) အဖြစ် နယူးဒေလီမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အဘ်ဟေး တာကူးရ် သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ဦးနှင့် သမီးတစ်ဦးရှိသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၄၀၀ | ၁,၀၅၄ | ၈,၇၆၀,၈၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၃,၇၅၂ | ၁၀,၆၉၃,၂၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂ | ၁၅,၆၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၄၀ | ၅၈,၇၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၂၆၉ | ၆၉၉,၄၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၇၇ | ၁၃၄,၆၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၄၈ | ၂၁၇,၆၀၀ |
| MAEX | ၁,၈၅၀ | ၁,၈၀၀ | ၁၁၇ | ၂၁၂,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






(၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြု ညစာစားပွဲတွင် အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြစဉ်။

☆ ရှေ့ဖုံးမှ

ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့ စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြု ညစာစားပွဲသို့တက်ရောက်လာကြသည့် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့်၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ဂုဏ်ပြုညစာစားပွဲ**
**အခမ်းအနားကျင်းပ**

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကျင်းပစဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fominနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊

**စာမျက်နှာ ၄ သို့** ☆








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အခမ်းအနားတက်ရောက်လာကြသည်များ စစ်သည်၊ စစ်သမီးများ၏ ဤလက်များဖြင့်ပြဇာတ် တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၃ မှ
အောင်ဆန်းသူရိယ ဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်း ပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟို အကြံပေး ကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဗိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

စစ်သည် တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့ အလှူရှင်များ၊ သတင်းမီဒီယာ ကောင်စီ၊ ရုပ်ရှင်သဘင်ဂီတ အစည်းအရုံးနှင့် သေနင်္ဂဗျူဟာ လေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**သီဆိုဖျော်ဖြေ**

(၇၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် ပြင်ပအနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

အကြိုဂုဏ်ပြုညစာ စားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဇေယျာသီရိ ဗိမာန်သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ စစ်သည်၊ စစ်သမီးများ၏ "ဤလက်များဖြင့်" ပြဇာတ်တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စစ်သည်၊ စစ်သမီးများအား အမှတ်တရ ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအဝင် လမ်းမကြီးတစ်လျှောက်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များ၏ အမှတ်တံဆိပ်များ၊ တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော် တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါး ရုပ်တုများကို မီးအလှအပများဖြင့် လှပစွာ ဂုဏ်ပြုပုံဖော်ထွန်းညှိထားရှိကြောင်းနှင့် တပ်မတော်နေ့အကြို ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ချမ်းမြေ့ကြည်နူးစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်



## ဂါရဝပြုနှုတ်ဆက်

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၂၆**

၂၀၂၄ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား တက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခို နေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်၍ တွေ့ဆုံဂါရဝပြု နှုတ်ဆက်သည်။

### ဂါရဝပြုနှုတ်ဆက်

ထိုသို့ တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်းလိုက်လံ ဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ဆွေးနွေးပြောကြား

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့မှုနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေ အတည်ပြုပြဋ္ဌာန်းခဲ့မှုအခြေအနေများ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာသာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော် အရာရှိကြီးများက ယခုကဲ့သို့တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်သည့် အခြေအနေများ၊ နိုင်ငံ့တာဝန်များကို ဘက်ပေါင်းစုံမှ လစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးအသိအမှတ်ပြုသည့် အခြေအနေများနှင့် အခြားသြဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**









# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၆၃ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး | တင့်လွင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး | ဌေးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ၈၇၄၃၂၂ | တပ်ကြပ်ကြီး ညွန့်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ဉာဏ်လင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | မျိုးထက်ဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ၄၆၄၂၅ | တပ်ကြပ်/ ၁၂ ကြည်ဖြိုးဝေ | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်များ**
**ရဲသူရတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူး | ထွန်းထွန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | လ ၁၈၂၈၅၄ | ရဲတပ်ကြပ်ကြီး ရွှေထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | လ ၁၇၂၂၁၄ | ရဲတပ်ကြပ် ကျော်မိုးထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | လ ၂၅၀၀၀၇ | ရဲတပ်သား ရဲမင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | လ ၂၉၀၈၇၇ | ရဲတပ်သား မျိုးသက်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | လ ၂၉၇၀၇၃ | ရဲတပ်သား သက်ပိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | ဒေါ်ခင်နွယ်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်ခင်မာချို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်ခင်ခင်စိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်ဥမ္မာစန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်ကြည်ပြာအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်ဝင်းမာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်ပိုးနှင်းရီကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်အေးအေးမွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါ်မိအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်ယမင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | မောင်ရဲမြတ်ကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဦးရွှေမင်း | | ကချင်ပြည်နယ် |
| ၁၈။ | ဦးဝေါပေါ်လေး | | ကချင်ပြည်နယ် |
| ၁၉။ | ဦးယော်ယား | | ကချင်ပြည်နယ် |
| ၂၀။ | ဦးငွါးတား | | ကချင်ပြည်နယ် |
| ၂၁။ | ဦးလာဆာ(ခ) ဦးလာရီဆားရ် | | ကချင်ပြည်နယ် |
| ၂၂။ | ဦးအောင်မိုး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၃။ | ဦးကျော်ထက် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၄။ | ဦးစောမောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၅။ | ဦးထွန်းတင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၆။ | ဦးဇော်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၇။ | ဦးမျိုးဝင်းလှိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈။ | ဦးအောင်ကျော်စိုး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉။ | ဦးသက်ပြင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀။ | ဦးကျော်လွင် | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၁။ | ဦးတင်ထွန်း | | တနင်္သာရီတိုင်းဒေသကြီး |
| ၃၂။ | ဦးမြင့်ဦး | | ပဲခူးတိုင်းဒေသကြီး |
| ၃၃။ | ဦးဌေးအောင် | | ပဲခူးတိုင်းဒေသကြီး |
| ၃၄။ | ဦးဇော်နိုင် | | မကွေးတိုင်းဒေသကြီး |
| ၃၅။ | ဦးဘိုကြည်မြင့်ထွန်း | | မကွေးတိုင်းဒေသကြီး |
| ၃၆။ | ဦးကျော်အေး | | မကွေးတိုင်းဒေသကြီး |
| ၃၇။ | ဦးဘိုဟိန်း(ခ) ဦးမျိုးမြင့် | | မန္တလေးတိုင်းဒေသကြီး |
| ၃၈။ | ဦးထက်မြတ်ကို | | မန္တလေးတိုင်းဒေသကြီး |
| ၃၉။ | ဦးဖုန်းမြတ်သူ(ခ) ကျောက်ခဲ | | မန္တလေးတိုင်းဒေသကြီး |
| ၄၀။ | ဦးတင်ထွန်းမင်း | | မန္တလေးတိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပုဂ္ဂိုလ်များအား စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၆၄ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ခေတ်မီတပ်မတော်တည်ဆောက်နိုင်ရန် နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပုဂ္ဂိုလ်များအား စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် အောက်ဖော်ပြပါ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုတံဆိပ်များ**
**သီရိသီဟကျော်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | Lieutenant General | KSHIMOVSKY Alexander Aleksandrovich | Head of the Main Directorate for International Military Cooperation |
| ၂။ | Major General | ILYIN Evgeniy Yurievich | First Deputy Head of the Main Directorate for International Military Cooperation |
| ၃။ | Admiral | EVMENOV Nikolay Anatolyevich | Commander–in–Chief of the Navy |
| ၄။ | Admiral | LIINA Victor Nikolaevich | Commander of the Pacific Fleet |
| ၅။ | Admiral | KASATONOV Vladimir Lvovich | Deputy Commander–in–Chief of the Navy |
| ၆။ | Vice Admiral | MUKHAMETSHIN Igor Timerbulatovich | Head of Shipbuilding, Armament and Armament Operation, Deputy Commander– in–Chief of the Navy for Armament |
| ၇။ | Vice Admiral | BEREZOVSKY Denis Valentinovich | Deputy Commander of the Pacific Fleet |
| ၈။ | Rear Admiral | TRYAPICHNIKOV Vladimir Aleksandrovich | Head of the Technical Department of the General Staff of the Navy |
| ၉။ | Colonel | PENKIN Maksim Vladimirovich | Head of the 5th Department of the Main Directorate of International Military Cooperation |
| ၁၀။ | Colonel | YURCHENKO Sergei Vladimirovich | Head of the Direction of the 4th Directorate of the Main Directorate of International Military Cooperation |
| ၁၁။ | Colonel | PAVLENKO Anatoliy Viktorovich | Representative of the General Staff of the Armed Forces |
| ၁၂။ | Colonel | KURCHENKO Sergei Semyonovich | Defence Attaché at the Embassy of the Russian Federation in the Republic of the Union of Myanmar |
| ၁၃။ | Captain 1st rank | MOROZ Kirill Sergeevich | Head of the Service (Maritime Law and International Military Cooperation) of the General Staff of the Navy |
| ၁၄။ | Captain 2nd rank | YASHIN Dmitry Valerievich | Head of the Direction of the 5th Directorate of the Main Directorate of International Military Cooperation |
| ၁၅။ | Captain 2nd rank | SHILKOV Vitaly Vasilyevich | Chief Expert of the 5th Directorate of the Main Directorate of International Military Cooperation |

စာမျက်နှာ ၇ သို့ ★

★ စာမျက်နှာ ၆ မှ

သီရိသူရကျော်တံဆိပ်

| | | | |
|---|---|---|---|
| ၁။ | Mr. SARATOV Sergei Nikolaevich | | Referent of the Ministry of Defense |
| ၂။ | Colonel | IZVEKOV Sergey Alexandrovich | Deputy Head of the Direction of the 5th Directorate of the Main Directorate for International Military Cooperation of the Ministry of Defense of the Russian Federation |
| ၃။ | Captain 1st rank | EGOROV Mikhail Lvovich | Head of the Service (submarine Operation) of the Technical Department of the Main Command of the Navy |
| ၄။ | Colonel | YUNUSOV Araz Yunusovich | Deputy Head of the Department Head of the group of the Department (classified communications network) of the Directorate (Communications Planning) of the Main Communications Directorate of the Armed Forces |
| ၅။ | Captain 1st rank | RYABOKON Roman Ivanovich | Head of the 4th Division of the 3rd Directorate of the Main Personnel Directorate |
| ၆။ | Captain 2nd rank | MIRONOV Vyacheslav Andreevich | Head of the group of the 4th Division of the 3rd Directorate of the Main Personnel Directorate |
| ၇။ | Captain 2nd rank | SAKHNEVICH Andrey Nikolaevich | Head of the Department of International Military Cooperation of the Pacific Fleet |
| ၈။ | Captain 3rd rank | SPITSYN Pavel Aleksandrovich | Senior Expert of the 5th Directorate of the Main Directorate of International Military Cooperation |
| ၉။ | Colonel | BOBRIKOV Sergei Leonidovich | Senior officer of the Engineering Troops Construction Department of the Directorate of the Chief of Engineering Troops of the Armed Forces |
| ၁၀။ | Colonel | RYABOV Alexey Vyacheslav | Chief Expert of the Division of Supply (artillery ammunition) of the Directorate (supply of missiles and artillery ammunition) of the Main Rocket and Artillery Directorate |
| ၁၁။ | Colonel | MATYTSIN Roman Sergeevich | Assistant to the Commander-in-Chief of the Army for International Military Cooperation |
| ၁၂။ | Lieutenant Colonel | ERMOLAEV Mikhail Yurievich | Chief Inspector of the Service (International Military Cooperation) of the General Command of the Army |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးကို လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ကုလသမဂ္ဂဝန်ထမ်းများ ယာယီပြောင်းရွှေ့နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၃)နှစ်မြောက်လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr.Md.Monwar Hossain က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။




ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်ကြသူများအား သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေးနှင့်ဇနီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဦးကျော်စိုးမိုးနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## ကျိုက္ခမီဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးတွင် အမျိုးသမီးဝတ်ပြု တိုးချဲ့တစ်ထပ်ဆောင် ဆောက်လုပ်လှူဒါန်း

သံဖြူဇရပ် မတ် ၂၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် အမျိုးသမီးဝတ်ပြု တိုးချဲ့တစ်ထပ်ဆောင်ကို အလှူရှင် ရန်ကုန်မြို့ စိန်ပင်လယ်စိန်ရွှေရတနာရောင်းဝယ်ရေး မိသားစုတို့က ကျပ်သိန်း ၅၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျိုက္ခမီမြို့ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ လိုအပ်လျက်ရှိသော အမျိုးသမီးဝတ်ပြု တိုးချဲ့ဆောင်အား ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးကြပ်၍ အလျားပေ ၆၀ အနံ ၁၅ ပေ RC တစ်ထပ်တိုးချဲ့ဆောင်ကို ၂၀၂၄ ခုနှစ် မတ် ၂ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး မေလအတွင်း အပြီးသတ်ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# (၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

နေပြည်တော် မတ် ၂၆

(၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "တွဲလက်တူစုံ ချစ်ရိပ်မြုံ" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက "တွဲလက်တူစုံ ချစ်ရိပ်မြုံ" ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဆုကဗျာ၊ ဆောင်းယွန်းစံ၊ ဇာတ်ညွှန်း ထက်မြတ်နိုင်(ကိုယ်စား) ကိုယ်စားလှယ်တစ်ဦး၊ တွဲဖက်ဒါရိုက်တာ သက်သဇင်ထွဋ်၊ ဒါရိုက်တာ အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်)၊ ရိုက်ကူးထုတ်လုပ်ရေး ဒေါက်တာ ဟိန်းထက်အေး(Forever Group)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။



တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက (၇၉) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် စစ်ချီသီချင်းနှင့် စစ်သည်တေးသီချင်းဆုရရှိကြသည့် ဂုဏ်ပြုစစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ တပ်ကြပ် လှိုင်ဝင်းထွန်း၊ ဒုတိယဆုရရှိသူ မြင့်မိုရ်ဦး၊ တတိယဆုရရှိသူ မျိုးဝင်း (MWD)၊ စတုတ္ထဆုရရှိသူ အောင်ဇော်ဦး (ရဲတီးဝိုင်း)၊ ပဉ္စမဆုရရှိသူ တပ်ကြပ်ကြီး ဇော်မျိုးထွန်း၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ရှိန်မြင့်ထက် (ဝါးကြီးအိုင့်)၊ ဒုတိယဆုရရှိသူ ဇာမနီ၊ စတုတ္ထဆုရရှိသူ ကျော်ကျော်သိန်း(KKT)၊ ပဉ္စမဆုရရှိသူ တပ်ကြပ်ကြီး ဇော်ဝင်းထွန်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်က (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ တာယာ၊ ဒုတိယဆုရရှိသူ မျိုးချစ်မောင်သောင်း၊ တတိယဆုရရှိသူ ညိမ်းညို၊ စတုတ္ထဆုရရှိသူ အောင်နိုင်သူ (ဖွဲ့ကပင်)၊ အထူးဆု(၁)ရရှိသူ ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)၊ အထူးဆု(၂)ရရှိသူ ညွှန့်ဝင်း(နတ်တလင်း)၊ အထူးဆု(၃)ရရှိသူ ဟန်ညွှန့် (ယဉ်ကျေးမှု)၊ ကဗျာအလွတ်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဆန္ဒကူးသစ္စာ၊ ဒုတိယဆုရရှိသူ ကိုကို (ရေနံ့သာ)၊ တတိယဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ မြခြူးအိမ်၊ အထူးဆု(၁)ရရှိသူ မြတ်ထွဏ်းနောင်၊ အထူးဆု(၂) ရရှိသူ ယိမ်းနွဲ့(ကိုယ်စား) ကိုယ်စားလှယ်တစ်ဦးနှင့် အထူးဆု (၃)ရရှိသူ မျိုးစစ်သည်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသူ ရဲမင်းစိုး၊ ဒုတိယဆုရရှိသူ ပင်မြင့်စံ(ရွှေဘို)၊တတိယဆု ရရှိသူ မောင်စူးရှ (အနောက်ရိုးမ)၊ စတုတ္ထဆုရရှိသူ ချစ်ခြင်းဖြူ၊ ပဉ္စမဆုရရှိသူ ထက်ပိုင်ဦး (သစ္စာမြေ)၊ အထူးဆု(၂) ရရှိသူ အမောင်၊ အထူးဆု(၃) ရရှိသူ ချမ်းမြေ့အောင်၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ခန့်ပိုင်၊ ဒုတိယဆုရရှိသူ ညိမ်းညို၊ တတိယဆုရရှိသူ တက္ကသိုလ် မြမဋ္ဌ၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ အမေ့သား (နတ်မောက်)၊ အထူးဆု(၁)ရရှိသူ မုန်းမောင်မောင်၊ အထူးဆု(၂)ရရှိသူ ကျော်တေဇ(ဥက္ကလာ)၊ အထူးဆု(၃) ရရှိသူ သန်းဝင်းထွန်း (ဆွာ) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်ခရိုင်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကျင်းပ

ပြင်ဦးလွင် မတ် ၂၆

ပြင်ဦးလွင်ခရိုင် လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့နံနက် ၁၁ နာရီက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း



ပြောကြားသည်။ ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ယမင်းလှိုင်က ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ ပေါ်ပေါက်လာပုံ၊ ဥပဒေ၏ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးသည်။

အသိပညာပေး ဟောပြောပွဲ အခမ်းအနားသို့ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဖြူလူသစ်(ပြန်/ဆက်)**

■

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဟောပြော

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၆)ရပ်ကွက် နဝဒေးခန်းမ၌ မတ် ၂၅ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရသည့် အကြောင်းအရာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်မင်းကိုက Power Point ဖြင့် ရှင်းလင်းပြောကြားပြီး ဥပဒေပြဋ္ဌာန်းချက်ပါ အချက်အလက်များနှင့် လက်ကမ်းစာစောင်များကို ရပ်ကွက်၊ ကျေးရွာအတွင်းရှိ အုပ်ချုပ်ရေးမှူးများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ စုစုပေါင်း ၃၅၀ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



## သနပ်ပင်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေအကြောင်း အသိပညာပေး ဟောပြော

သနပ်ပင် မတ် ၂၆

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ ခရိုင်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဝင်းထွန်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးအောင်ကြည်တို့က သနပ်ပင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ သတ်မှတ်ထားသော အသက်အရွယ်ရှိ လူငယ်လူရွယ်များအား တွေ့ဆုံ၍ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး စိုးရိမ်ထိတ်လန့်မှုများ မရှိစေရေး၊ လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလများအပေါ် ယုံမှားသံသယများ မဖြစ်ပေါ်စေရေးနှင့် ဥပဒေနှင့်ပတ်သက်သည့်သိမှတ်ဖွယ်ရာများကို ရပ်ကွက်/ကျေးရွာများရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် လူငယ်လူရွယ်များ ၂၃၀ ခန့် တက်ရောက်ကြပြီး တက်ရောက်လာသူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့် (၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄) သို့ တက်ရောက်

နေပြည်တော် မတ် ၂၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့် (၁၃) ကြိမ်မြောက် နျူကလီးယား နည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄) (XIII International Forum ATOMEXPO 2024 ) ပထမနေ့အခမ်းအနားသို့ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးများဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ (၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄)တွင် ခင်းကျင်းပြသထားသည့် နိုင်ငံတကာမှ နျူကလီးယားနှင့် ပတ်သက်ဆက်စပ်သော ပြခန်းများကို လိုက်လံကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် (၁၃) ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့်ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄) ဖွင့်ပွဲ အခမ်းအနားသို့လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဖိုရမ်၏ အဓိကမျက်နှာစုံညီအစည်းအဝေး( Plenary Session ) တွင် "သန့်ရှင်းသော စွမ်းအင်- အနာဂတ်ကို အတူတကွဖန်တီးခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း အစီအစဉ်သို့လည်းကောင်း တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းသည် NovaWind JSC ကုမ္ပဏီမှ Director General – Grigory Nazarov နှင့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သော လေအားနှင့် အသေးစား ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ပတ်သက်၍ လည်းကောင်း၊ JSC Rusatom Energy Projects ကုမ္ပဏီမှ Director General– Andrey Rozhdestvin နှင့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးကြသည်။

(၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာ အခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၄) သည် ခေတ်မီနျူကလီးယားစွမ်းအင်လုပ်ငန်း၏ ကဏ္ဍပေါင်းစုံနှင့် ၎င်း၏နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးရန်ဖြစ်ပြီး ကမ္ဘာ့နျူကလီးယား စွမ်းအင်လုပ်ငန်းမှ ခေါင်းဆောင်များ၊ နိုင်ငံတကာ ကိုယ်စားလှယ်များ၊ ရုရှားနှင့် နိုင်ငံခြားကုမ္ပဏီများ၊ နျူကလီးယားနယ်ပယ်မှ အဓိကကျွမ်းကျင်သူများ ပါဝင်ကြသည်။ အစဉ်အလာအားဖြင့် ဖိုရမ်အစီအစဉ်သည် နိုင်ငံတကာကွန်ဂရက်တစ်ခုနှင့် နျူကလီးယားနှင့် ဆက်စပ်စက်မှုလုပ်ငန်းများအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ရောင်းချသူများက ခင်းကျင်းပါဝင်ပြသကြကြောင်းနှင့် ကမ္ဘာ့နျူကလီးယားလုပ်ငန်း၏ ဆိုင်းငံ့ထားသောပြဿနာများကို ဆွေးနွေးရန်ရည်ရွယ်သည့် နိုင်ငံတကာညီလာခံတစ်ခု ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေး ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၆

ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေး ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် ဗဟိုအဆင့်နည်းပြသင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



## အဓိကလိုအပ်ချက်ဖြစ်

ဦးစွာ ဒုတိယဝန်ကြီးဒေါက်တာမိုးဇော်ထွန်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူနိုင်ငံသားများ၏ စာတတ်မြောက်မှုသည် အဓိကလိုအပ်ချက်ဖြစ်သည်နှင့် အညီ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများက နိုင်ငံသားတိုင်း စာတတ်မြောက်ရေး၊ အတန်းပညာ တတ်မြောက်ရေးစသည့် ပညာရေးဆိုင်ရာများကို အလေးထား ဆောင်ရွက်ခဲ့ကြပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးလက်နေပြည်သူများ၏ ပညာရေးမြှင့်တင်မှု မလွဲမသွေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ လမ်းညွှန်မှာကြားထားရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယခုနှစ် လာမည့် ဧပြီ ၆ ရက်မှ မေ ၁၅ ရက်အထိ ရက်ပေါင်း ၄၀ ကြာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို တစ်ရက် သင်ကြားသင်ယူချိန် သုံးနာရီဖြင့် နာရီပေါင်း ၁၂၀ သင်ကြားဆောင်ရွက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်သားသုံး စာအုပ်များ၊ စာရေးကိရိယာများ၊ နည်းပြကြီးကြပ်သုံး စာအုပ်များ၊ စာရေးကိရိယာများ၊ စာသင်ဝိုင်းသုံး ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အချိန်မီအရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း။

ယခု ဗဟိုအဆင့်နည်းပြသင်တန်းကို တက်ရောက်လာကြသည့် ဗဟိုအဆင့်သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ခန်းစာများကို တက်ကြွစွာပါဝင်သင်ယူပြီး မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆင့်ပွားသင်တန်းများပြန်လည် ပို့ချနိုင်အောင် သင်ခန်းစာများအပေါ် ဆွေးနွေးမှုများ ပြုလုပ်ကြစေလိုပါကြောင်း၊ ဗဟိုအဆင့် နည်းပြသင်တန်းပြီးနောက် ဆင့်ပွားသင်တန်းများ ပို့ချရာတွင်လည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစိုးရအဖွဲ့၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် "မနီ စာတတ်ပြီ" စာတတ်မြောက်ရေး ဗီဒီယိုဇာတ်လမ်းတိုကိုပြသပြီး အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးများသည် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မုဒုံမြို့နယ် ဘလောက်ညောင်ဝိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

မုဒုံ မတ် ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ် ဘလောက်ညောင်ဝိုင်းကျေးရွာတွင် မြစိမ်းရောင် (ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ အတိုးစုဆောင်းငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်း နှစ်သွယ်ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးလှမင်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး မြစိမ်းရောင် (ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ အတိုးစုဆောင်းရငွေ ၁၄၃ သိန်း၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေ ခုနစ်သိန်း စုစုပေါင်း ကျပ်သိန်း ၁၅၀ ဖြင့် ဘလောက်တံတားပိုင်းချောင်းလမ်း အရှည် ၃၄၇ ပေ၊ အကျယ် ကိုးပေ၊ ဒု ခြောက်လက်မနှင့် ညောင်ဝိုင်းအနောက်ပိုင်းလမ်း အရှည် ၂၆၄ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မ ကွန်ကရစ်လမ်းနှစ်သွယ်ကို ဆောင်ရွက်ခဲ့သည်။

အောင်မျိုးသူ (ပြန်/ဆက်)




# ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၂၆

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ လဲချားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

နေပြည်တော် မတ် ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေ ၃၃၂ ဒသမ ၁၈၄ ကျပ်သန်းဖြင့် ဆောင်ရွက်ခဲ့သည့် လဲချားမြို့နယ် ဝမ်ပန်- နောင်ယာဆိုင်း-ဝမ်ကျောင်းလမ်း ငါးမိုင်အနက် နှစ်မိုင်အပြီးသတ် ကျောက်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါလမ်း ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံကျေးရွာ ခုနစ်ရွာမှ လူဦးရေ ၄၅၀၂ ဦး လမ်းပန်းဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာပြီး လူနေမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်မှုကြောင့် အကောင်အထည်ပေါ်လာခဲ့သည့် ကျောက်တော်မြို့နယ်

ကျောက်တော်မြို့သည် မြန်မာနိုင်ငံ၏အနောက်ဘက် ရခိုင်ပြည်နယ် မြောက်ဦးခရိုင်တွင် ပါဝင်သည်။ အရှေ့ဘက်တွင် မြောက်ဦးမြို့နယ်၊ အနောက်ဘက်တွင် ဘူးသီးတောင်မြို့နယ်၊ တောင်ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ မြောက်ဘက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသောမြို့ တစ်မြို့ဖြစ်သည်။

**ကောင်းမွန်**



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အားကစားနှင့် ကာယပညာဦးစီးဌာနရုံး ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

ကျောက်တော်မြို့နယ်တွင် မြစ်ချောင်းများ ပေါများပြီး ကစ္ဆပနဒီမြစ်ခေါ် ကုလားတန်မြစ်သည် ကျောက်တော်မြို့အနီးမှ ဖြတ်သန်းစီးဆင်းကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။ ရေအရင်းအမြစ်အများစုမှာ ရေချိုဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေအတွက် မပူမပင်ရသော မြို့နယ်တစ်ခု ဖြစ်သည်။ ကျောက်တော်မြို့သည် ကုန်းလမ်း၊ ရေလမ်း ဆုံရာမြို့ ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောမြို့ဟု ဆိုနိုင်သည်။ အဓိက ထွက်ကုန်မှာ ဆန်စပါးဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို အဓိက လုပ်ကိုင်သည်။

သို့သော်လည်း ကျောက်တော်မြို့နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်တည်ရှိသဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့ရှိသောမြို့တစ်မြို့ဖြစ်သည်။ မိုးဦးကာလနှင့် မိုးနှောင်းကာလများတွင် သဘာဝဘေးအန္တရာယ်များ အဖြစ်များလေ့ရှိသည်။ ၂၀၂၃ ခုနှစ် မိုးဦးကာလ မေလ ၁၄ ရက်နေ့က တိုက်ခတ်ခဲ့သော အလွန့်အလွန်အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုဒဏ်ကို ကျောက်တော်မြို့သည်လည်း ခံစားခဲ့ရသည်။

ရခိုင်ပြည်နယ်သည် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံး ပြည်နယ်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှု ပမာဏ ၉၇ ဒသမ ၇၃ ရာခိုင်နှုန်းရှိသည်။ ထိုအထဲတွင်မှ ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့နယ်များဖြစ်သည့် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနှင့် ကျောက်တော်မြို့နယ်တို့သည် ပျက်စီးဆုံးရှုံးမှုများသော မြို့နယ်များ ဖြစ်သည်။

**ထိခိုက်ပျက်စီး**

မြို့နယ်အလိုက် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် စစ်တွေမြို့သည် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုအများဆုံးမြို့ဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၂၂၃ ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း တွေ့ရသည်။ ရခိုင်ပြည်နယ်အတွင်း မြို့နယ်များအနက် ကျောက်တော်မြို့နယ်တွင် စာသင်ကျောင်း အများဆုံးပျက်စီးခဲ့ပြီး ကျောင်းပေါင်း ၂၁၃ ကျောင်း ပျက်စီးခဲ့သည်။ ဌာနဆိုင်ရာရုံး သုံးရုံးပျက်စီးခဲ့ပြီး ဘာသာရေးအဆောက်အအုံများ ပျက်စီးမှုမှာ စေတီရစ်ဆူ၊ ဘုန်းတော်ကြီးကျောင်း ၂၅၈ ကျောင်းနှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးခဲ့သည်။

အခြေခံအဆောက်အအုံ ပျက်စီးမှုအနေဖြင့် ဓာတ်တိုင် ၁၁၂၃ တိုင်၊ စက်လှေ ၁၃၉ စင်း၊ ဆန်စက် ၂၇ လုံးတို့ ပျက်စီးခဲ့သည်။ အိမ်ထောင်စုပေါင်း ၄၀၀၀၀ ကျော် (လူဦးရေ နှစ်သိန်းကျော်) မိုခါ ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးအန္တရာယ်များ ကြုံခဲ့ရကာ လူနေအိမ်ပျက်စီးမှုအနေဖြင့် တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ် ၃၃၆၃၃ လုံး၊ အလုံးစုံပျက်စီးမှု ၁၂၀၁၃ လုံး

**စာမျက်နှာ ၁၁ သို့**✳



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ရှမ်းရွာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ရှမ်းရွာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအဆောက်အအုံ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ ပေးအပ်စဉ်။



ကျောက်တော်မြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ နှစ်ထပ်လိုင်းကို တွေ့ရစဉ်။



ကျောက်တော်မြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ နှစ်ထပ်လိုင်း ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

✻ **စာမျက်နှာ ၁၀ မှ**

ပျက်စီးခဲ့ပြီး လူသေဆုံးမှုမရှိသည်ကို တွေ့ရသည်။ တိရစ္ဆာန်သေဆုံးမှုအနေဖြင့် အများဆုံးဖြစ်ပြီး ကျွဲ ၃၆၈ ကောင်၊ နွား ၉၆၁ ကောင်၊ ဝက် ၃၃၇ ကောင်၊ ကြက် ၅၁၁၄ ကောင်နှင့် အခြား၂၈ ကောင် ရှိသည်။

### ကြိုတင်ပြင်ဆင်မှု

မိုခါမုန်တိုင်းနှင့် ပတ်သက်၍ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမဖြစ်မီကပင် မေလ ၆ ရက်နေ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေး ခေါ်ယူခဲ့သည်။ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် မေလ ၈ ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနကို ဖွင့်လှစ်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များဖွဲ့စည်း၍ မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်သည့် ရွှေ့ပြောင်းကူညီကယ်ဆယ်ရေး လုပ်ငန်းများအား ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းသည် မေလ ၁၄ ရက်တွင် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါအဖြစ် ပြောင်းလဲကာ ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့အနီးမှဖြတ်သန်း ဝင်ရောက်မည်ဟု ခန့်မှန်းချက်အရ မေလ ၁၂ ရက်တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကြိုတင်စုဖွဲ့ထားသော ယာဉ်အုပ်စုအချို့ကို ရန်ကုန်မြို့မှ ဂွ၊ အမ်းနှင့် ကျောက်တော်မြို့တို့သို့ ကြိုတင်စေလွှတ်ခဲ့သည်။ ကျောက်တော်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကိုလည်း ဘေးလွတ်ရာနေရာများသို့ ကြိုတင်ရွှေ့ပြောင်းမှုများ ဆောင်ရွက်ထားခဲ့ကြသည်။

### တပ်ဖွဲ့ဝင်များပါဝင်

အဆိုပါယာဉ်အုပ်စုတွင် ယာဉ်အစီးရေ ၁၁၂ စီးပါရှိကာ အုပ်စု ၁၀ စုခွဲပြီး အုပ်စုတစ်စုတွင် ကွပ်ကဲရန် တပ်မတော်မှအရာရှိကြီးတစ်ဦးပါရှိသည်။ အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ၊ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေး လုပ်ငန်းများဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များပါဝင်ပြီး မော်တော်ယာဉ်များ၊ ပွဲချိတ်စက်များ၊ ဖိုက်ဘာလှေများ၊ ချိန်းဆောနှင့် လက်သုံးကိရိယာများ၊ အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဘောကွင်း၊ မိုးကာတဲများ၊ တာပေါ်လင်စများ၊ ပစ္စည်း ၁၄ မျိုးပါ အရေးပေါ်သေတ္တာများ၊ မြွေဆိပ်ဖြေဆေးအပါအဝင်ဆေးမျိုးစုံ၊ ဆက်သွယ်ရေးစက်မျိုးစုံနှင့် အခြားလိုအပ်သော ဆက်စပ်ပစ္စည်းများလည်း ပါဝင်သည်။

**အဆိုပါသဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများ အနက် တစ်နာရီလျှင် သောက်ရေ ဂါလန် ၄၀၀ သန့်စင်ပေးနိုင်သည့် ရေသန့်စင်ယာဉ်အပါအဝင် ယာဉ် ၁၈ စီးပါဝင်သည့် ယာဉ်အုပ်စု(၁) သည် စစ်တွေမြို့သို့ မေလ ၁၅ ရက်တွင်ရောက်ရှိ အခြေပြု၍ ရန်ကုန်-စစ်တွေကားလမ်းတစ်လျှောက် သဘာဝဘေးဒဏ်ကြောင့် ကျိုးကျပိတ်ဆို့လျက်ရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်း၊ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော နေရာများသို့ ရေပေးဝေခြင်း၊ မိုးကာတဲများနှင့် တာပေါ်လင်များ ဖြန့်ဝေခြင်းနှင့် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ကူညီဆောင်ရွက်ပေးကြပြီး ဆေးဝန်ထမ်းတပ်ဖွဲ့များကလည်း ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့်ယာဉ်အုပ်စုသည် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ရေသန့်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့်နေရာများသို့ သောက်သုံးရေပေးဝေခြင်း၊ ကူညီကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။**



ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဝန်ထမ်းအိမ်ရာအမိုး ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

### သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဂွမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် သတ်မှတ်ကြေညာခဲ့ပြီး တပ်မတော်အရာရှိကြီးများကို မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အနီးကပ်ကြီးကြပ်နိုင်ရန် တာဝန်ပေးအပ်ခဲ့ရာ ဗိုလ်မှူးချုပ်အောင်သူဦးအား ကျောက်တော်မြို့နယ်တွင် ကြီးကြပ်ရန် တာဝန်ပေးခဲ့သည်။

**တာဝန်ပေးအပ်ခံရသော တပ်မတော်အရာရှိကြီးများအနေဖြင့် မိမိတာဝန်ကျရာ မြို့နယ်သို့ ရောက်ရှိပါက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကိုဦးစားပေးရှင်းလင်းပြီး လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်ရေသန့်ရရှိရေး၊ အခြေခံပညာကျောင်းများကို ကျောင်းဖွင့်ချိန်အမီ ပြုပြင်ပေးနိုင်ရေး၊ ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများကို ဦးစားပေးပြုပြင်ရေး၊ နိုင်ငံတော်မှ ပေးပို့နေသည့်ရိက္ခာ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများထံသို့ စနစ်တကျနှင့် မြန်မြန်ဆန်ဆန်ထောက်ပံ့ရေး၊ စာရင်းဇယားများ မှန်ကန်ရေးစသည်ဖြင့် မိမိတို့တာဝန်ယူ ကြီးကြပ်ရမည့်အပိုင်းများကို အစီအမံကောင်းကောင်းဖြင့် တိတိကျကျ လိုက်နာ ဆောင်ရွက်ခဲ့ခြင်းကြောင့်**

**စာမျက်နှာ ၁၂ သို့** ✻



ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် တိုင်းရင်းဆေးကုဌာန အမိုးများပျက်စီးနေသည်ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် တိုင်းရင်းဆေးကုဌာန အမိုးများ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။





ကျောက်တော်မြို့နယ် သံပြင်ကျေးရွာရှိ သောက်သုံးရေကန် တာပေါင်မြှင့်တင်ခြင်း မဆောင်ရွက်မီ (ဝဲပုံ) နှင့် တာပေါင်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးစီးမှု (ယာပုံ) ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် သရက်တပင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် သရက်တပင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ကျောက်တော်မြို့နယ်တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ကံသုံးဆင့်ကျေးရွာ ဘက်စုံသုံးခန်းမကို တွေ့ရစဉ်။



ကျောက်တော်မြို့နယ်တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ကံသုံးဆင့်ကျေးရွာ ဘက်စုံသုံးခန်းမ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

* စာမျက်နှာ ၁၁ မှ

**အချိန်တိုအတွင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အောင်မြင်ပြီးမြောက်ခဲ့သည်ကို တွေ့မြင်ရသည်။**

**အချိန်မဆိုင်းပဲ ဆောင်ရွက်ခဲ့**

မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် လိုအပ်ချက်များကို သုံးသပ်တွက်ချက်ပြီး အသင့်စီမံထားသည့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်မှစစ်ရေယာဉ်များ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်း၊ ဒေသအလိုက်ကြိုတင်စုဖွဲ့ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များကလည်း အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်မဆိုင်းပဲ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။

မေလ ၁၆ ရက်တွင် ကျောက်တော်မြို့သို့ တာဝန်ရှိသူများ ရောက်ရှိလာပြီး ပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးကြသည်။ မကြာမီ ကျောင်းဖွင့်ရာသီ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေး အဆောက်အအုံများကို ဦးစားပေးပြုပြင်ရန်နှင့် သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး ရရှိရေးတို့ကို အလေးထား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ကျောက်တော်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပြည်သူလူထုလက်ဝယ်အရောက် ထိထိရောက်ရောက်ဖြန့်ဝေနိုင်ရေး ကော်မတီများဖွဲ့စည်းထားရှိပြီး စနစ်တကျဆောင်ရွက်ရန်၊ ပြည်သူများ စားနပ်ရိက္ခာဖူလုံရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ အနာရောဂါကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် အကြံပြုဆွေးနွေးခဲ့ပြီး စာသင်ကျောင်းများ၊ ဆေးရုံများ၊ နေအိမ်များ ပြိုလဲပျက်စီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကို ဇွန်လ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အဆိုပါကျောင်းတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်ကျောင်းသား ကျောင်းသူ ၃၇၈ ဦး ပညာသင်ကြားလျက်ရှိသည်။ ဗိုလ်မှူးချုပ် အောင်သူဦးက ကျောင်းသားကျောင်းသူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အရေးပါသည့်အတွက် စိုက်ပျိုးရေးပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင်ကြိုးစားသင်ယူကြရန် ပြောကြားခဲ့ပြီး ကျောင်းသားကျောင်းသူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည်။

ကျောက်တော်မြို့တွင် ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးကုသရေးအဖွဲ့တို့ ပူးပေါင်းကာ ခေါင်းတုတ်ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့များသည် မေလ ၂၀ ရက်တွင် ကျောက်တော်မြို့နယ် သရက်တပင်၊ စဖိုသားနှင့် အတွင်းရွာသုံးရွာရှိ ရေတွင်း ရေကန်များကို ရေသန့်ဆေးများ ခတ်ပေးခြင်း၊ ရေသန့်စင်ဆေးပြား ၇၀၀ ဖြန့်ဝေပေးခြင်း၊ ပြည်သူများအား ကျန်းမာရေး ပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မုန်တိုင်းအလွန်ကာလ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပေါက်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ နှစ်ဖွဲ့၊ ရသေ့တောင်မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှစ်ဖွဲ့၊ ကျောက်တော်မြို့နယ်တွင် အထူးကုဆေးအဖွဲ့တစ်ဖွဲ့၊ မင်းပြားမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့နှင့် အထူးကုဆေးအဖွဲ့တစ်ဖွဲ့၊ မောင်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေး အဖွဲ့တစ်ဖွဲ့နှင့် မြေပုံမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ **စာမျက်နှာ ၁၃ သို့** *



ကျောက်တော်မြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။



ကျောက်တော်မြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးစဉ်။



ကျောက်တော်မြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။



ကျောက်တော်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။



ကျောက်တော်မြို့၌ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

❋ စာမျက်နှာ ၁၂ မှ

တစ်ဖွဲ့တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

သန့်ရှင်းသောသောက်သုံးရေရရှိရေး အတွက် ရေကန်များ၌ ရေသန့်ဆေးများ ခတ်ပေးခဲ့ပြီး ကူးစက်ရောဂါမဖြစ်ပွားစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ပေးခြင်းနှင့် ကျန်းမာရေး ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။



ကျောက်တော်မြို့ ဓာတ်အားခွဲရုံမှ ကျောက်တော်မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။

**ပြန်လည်ထူထောင်ရေး**

မုန်တိုင်းဝင်ရောက်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပြီးနောက် ပြည်လည် ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့် နိုင်ငံတော်က ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဦးစားပေးအလိုက် ကျောင်းဖွင့်ရာသီဖြစ်သည်နှင့် အညီ ကျောင်းသား ကျောင်းသူများအချိန်မီ စာသင်ကြားနိုင်ရန် စာသင်ကျောင်းများကို အမြန်ဆုံးပြုပြင်ပေးခဲ့သည်။ ပုံမှန်ကျောင်းဖွင့်ရက်ဖြစ်သော ဇွန်လ ၁ ရက်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ပျက်စီးမှု ဆိုးရွားသော ကျောင်းများအား ကျောင်းဖွင့်ပြီး ၁၇ ရက် အကြာတွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရခိုင်ပြည်နယ်တွင် ကျောင်းအပ်နှံမှု အများဆုံး ပြည်နယ်အဆင့်ထိ ရောက်ရှိခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာန၊ ဝန်ထမ်းအိမ်ရာ၊ ဆေးရုံသုံးစက်ကိရိယာ၊ ဆေးဝါးနှင့် ပရိဘောဂပျက်စီးမှုများကို ပြန်လည်ပြုပြင်ဖြည့်ဆည်းပေးခဲ့ပြီး ထိခိုက်ခံစားလွယ်သူများအတွက် ရွေ့လျားဆေးခန်းများ၊ ယာယီကျန်းမာရေးဝန်ဆောင်မှုပေးခြင်းများ၊ ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ထိုးနှံခြင်းများ၊ အာဟာရကျွေးမွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် မိလ္လာစနစ်ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့သည်။



ကျောက်တော်မြို့ပေါ်ရပ်ကွက်များအားလုံး လျှပ်စစ်မီးရရှိနေသည်ကို တွေ့ရစဉ်။

**အခြေခံ အဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ခြင်း၊ ရေငန်တားတမံများ ပြန်လည်ပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်များ ပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်ရေး စသည်ဖြင့် အခြေခံလိုအပ်ချက်များကို အချိန်တိုအတွင်း ပြန်လည်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လူ့အသက်ထက် အရေးကြီးတာဘာမျှမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေးစသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို မူဝါဒအဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် မုန်တိုင်းဖြစ်ပွားပြီး ခြောက်လအကြာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အဆင့်အထိ ရောက်ရှိခဲ့သည်။**

**ထိခိုက်သေဆုံးမှုနည်းပါး**

ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုကောင်းမွန်ခဲ့သည့်အတွက် မုန်တိုင်းကြောင့် ထိခိုက်သေဆုံးရသည့် အရေအတွက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၄၈ ဦးသာရှိခဲ့သည်။ မုန်တိုင်းအဆင့်နှင့် နှိုင်းယှဉ်ပါက သေဆုံးမှုအလွန်နည်းပါးသည်ကို တွေ့ရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နိုင်ငံတစ်ဝန်း မည်သည့်ဒေသတွင်မဆို မိမိတို့သွေးချင်းများ မည်ကဲ့သို့သောဘေးအန္တရာယ်များ ကျရောက်စေကာမူ ကူညီကယ်ဆယ် စောင့်ရှောက်ပေးရမည်မှာ နိုင်ငံတော်၏တာဝန်ဟု ခံယူကာ လက်ရှိနိုင်ငံ့တာဝန်ကို ယူထားသော အစိုးရက စိတ်စေတနာအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

မုန်တိုင်းပြီးလျှင် လေပြည်လေညင်း ရောက်လာမည်ဟု ထင်ထားသော်လည်း မိုခါမုန်တိုင်း ဝင်ရောက်ပြီး ခုနစ်လအကြာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မူလအခြေအနေထက် သာလွန်ကောင်းမွန်ချိန်တွင် မိမိတို့သွေးချင်းညီအစ်ကိုများ မိမိတို့ အိုး အိမ် တိုက်တာများကို စွန့်ခွာနေရခြင်းကို စိတ်မကောင်းဖြစ်ရသည်မှတစ်ပါး ပြောစရာစကားမရှိတော့ပြီ။ ။

❖

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏ နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏ နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နှစ်ထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တာဝန်ရှိသူများနှင့်အတူ နှစ်ထပ်ကုသဆောင်သစ် မြေညီထပ်တွင်ရှိသည့် ပြင်ပလူနာဌာန၊ ဆေးပေးခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ သွားနှင့်ခံတွင်း ပြင်ပလူနာဌာန၊ ဆေးသိုလှောင်ခန်းသို့လည်းကောင်း၊ ပထမထပ်ရှိခွဲစိတ်ခန်းများနှင့် သံဃာတော်များအခန်းသို့လည်းကောင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ နှစ်ထပ်ကုသဆောင်သစ်ရှေ့ရှိ ယာယီမဏ္ဍပ်တွင် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကောင်းမွန်စေရေးအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း ဆေးရုံများ ဥပဓိရုပ်ကောင်းမွန်ရေး အပါအဝင် အနီးကပ်ပံ့ပိုးပေးလျက်ရှိပြီး ယခုနတ်တလင်းမြို့ ပြည်သူ့ဆေးရုံအဆောက်အအုံကိုလည်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး၌ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးနှစ်ရုံ၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးတစ်ရုံ ဖွင့်လှစ်ထားရှိပြီး အထူးကုဘာသာရပ်များ စုံလင်စွာ ဖွင့်လှစ်ကုသမှုပေးလျက်ရှိပါကြောင်း၊ ဓာတ်မှန်ရိုက်ခြင်းများ၊ ဓာတ်ခွဲစစ်ဆေးခြင်းများကို မြို့နယ်ဆေးရုံများသာမက တိုက်နယ်ဆေးရုံများအထိ ပိုမိုတိုးတက်စွာ ဆောင်ရွက်လျက်ရှိပြီး လူနာများ ဆေးကုသမှုကုန်ကျစရိတ် လျှော့နည်းစေရေးအတွက် ရန်ပုံငွေများ ခွဲဝေချထားပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးလက်နေလူထုက ပိုမိုများပြား၍ ကုသရေးလုပ်ငန်းများတွင်လည်း မြို့နယ်နှင့် တိုက်နယ်ဆေးရုံများသည် ပြည်သူများ ရှေးဦးစွာ လာရောက်ကုသမှု ဆောင်ရွက်သည့် အနီးဆုံးနေရာများတွင် တည်ရှိသောကြောင့် မြန်မာနိုင်ငံ၏ လူဦးရေအများအပြားကို လွှမ်းခြုံ၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ အရည်အသွေးကောင်းမွန်ကျယ်ဝန်းသည့် နှစ်ထပ်ကုသဆောင်သစ်ကို ဖွင့်လှစ်နိုင်ခြင်းကြောင့် နတ်တလင်းမြို့နယ်အတွင်းရှိ ပြည်သူလူထုသာမက အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များမှ လူနာများပါ စိတ်ချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ကြမည်ဖြစ်ပါကြောင်း၊ ယခုအဆောက်အအုံသစ် အောင်မြင်စွာ တည်ဆောက်ပြီးစီးစေရေး ပံ့ပိုးကူညီခဲ့ကြသည့် တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုအဆောက်အအုံကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်ထပ်ကုသဆောင်သစ် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို နေရာအရောက် ပေးအပ်သည်။

**ကျပ်သန်း ၁၈၂၉ ဒသမ ၉၇ သန်း ကုန်ကျ**

နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏ နှစ်ထပ်ကုသဆောင်သစ်သည် ပေ ၂၃၀၊ ပေ ၅၀ အကျယ်အဝန်းရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁)အား လုပ်ငန်းအပ်နှံကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လတွင် လုပ်ငန်းများပြီးစီးခဲ့ကြောင်း၊ စီမံကိန်းတန်ဖိုးငွေ ကျပ်သန်း ၁၈၂၉ ဒသမ ၉၇ သန်း ကုန်ကျခဲ့ပြီး မြေညီထပ်တွင် အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးမှတ်တမ်းအခန်း၊ ဆေးပေးခန်း၊ သွားနှင့်ခံတွင်း ပြင်ပလူနာဌာန၊ ပထမထပ်တွင် ခွဲစိတ်ခန်း သုံးခန်း၊ သံဃာတော်များအခန်းနှင့် အထူးခန်းလေးခန်းပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ အသင်းသား အသင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲများ ကျင်းပ



**ရန်ကုန် မတ် ၂၆**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)၏ ဦးဆောင်မှု၊ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကျင်းပသည်။

**စုပေါင်းသွေးလှူဒါန်း**

အခမ်းအနားသို့ ဆေးရုံကြီးတပ်မှူး၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ဝိုင်အမ်ဘီအေ(ဗဟို) တွဲဖက်ဘဏ္ဍာရေးမှူး ဦးမြင့်သူ၊ တိုင်းဒေသကြီး ဝိုင်အမ်ဘီအေအသင်းဥက္ကဋ္ဌ ဦးသန့်စင်၊ အတွင်းရေးမှူး ဦးထင်ကျော်မိုးနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှဥက္ကဋ္ဌများ တက်ရောက်ကြပြီး အင်းစိန်၊ မရမ်းကုန်း၊ မြောက်ဥက္ကလာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များမှ အသင်းသား အသင်းသူ ၅၀ တို့က စုပေါင်းသွေးလှူဒါန်းကြရာ ဆေးရုံကြီးတပ်မှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဖြည့်စွက်အာဟာရများ ပြန်လည်ပေးအပ်ကာ သွေးလှူရှင်များအား အလှူရှင် ဦးကျော်ဝင်းမိသားစုနှင့် တေးသံရှင် ရွှေဖြူနန်းနွယ်က စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။

အလားတူ နယ်မြေခံတပ်မတော်ဆေးရုံကြီးတို့တွင် ပဲခူးတိုင်းဒေသကြီး ဝိုင်အမ်ဘီအေအသင်းဥက္ကဋ္ဌ ဦးလှတင်ဦး ဦးဆောင်သောအသင်းဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဝိုင်အမ်ဘီအေ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် ဦးမင်းမြတ်ဦးနှင့် အဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့အတူ မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှင့် မော်လမြိုင်၊ မုဒုံ၊ ကျိုက်မရော မြို့နယ်တို့မှ အသင်းသား အသင်းသူ ၇၅ ဦးတို့က ယနေ့ နံနက် ၉ နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးနှင့် နယ်မြေခံတပ်မတော်ဆေးရုံတွင် တစ်ပြိုင်တည်းသွေးလှူဒါန်းကြရာ သွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်ဆေးရုံကြီးတပ်မှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ် YMBA အသင်းဥက္ကဋ္ဌ ဦးကြည်သိန်း၊ တွဲဖက်ဥက္ကဋ္ဌ ဦးအောင်မိုးနှင့် အလုပ်အမှုဆောင်များ တက်ရောက်အားပေးကြပြီး သွေးလှူဒါန်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ ဂုဏ်ပြုချီးမြှင့်ပေးအပ်သည်။

ထို့ပြင် ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၏ စုပေါင်းသွေးလှူဒါန်းပွဲကို တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBAမှ အသင်းသား အသင်းသူများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း ဆေးရုံတွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ အသင်းသား အသင်းသူများ၏ သွေးလှူဒါန်းပွဲကို ကျောက်ဆည် ပြည်သူ့ဆေးရုံကြီး၌လည်းကောင်း ကျင်းပကြပြီး သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ (YMBA) အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဆေးရုံအုပ်ကြီးများ၊ တာဝန်ရှိသူများက သွေးလှူရှင်များအား သွားရောက်ကြည့်ရှုအားပေးကာ အာဟာရပြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့၌ မြန်မာ့ရိုးရာနွားအလှပြိုင်ပွဲနှင့် နွားဒုန်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရမည်းသင်း မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအနီး လယ်ကွင်းအတွင်း၌ (၇၉)ကြိမ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာနွားအလှပြိုင်ပွဲနှင့် နွားဒုန်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးအရာရှိနှင့် နွားဒုန်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဘိုလေးချစ်တို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ နွားအလှပြိုင်ပွဲ အရှဉ်း ၂၀၊ နွားဒုန်းပြိုင်ပွဲ ၃၂ ရှဉ်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် ဝါသနာရှင်တောင်သူပြည်သူများ စည်ကားသိုက်မြိုက်စွာ အားပေးနေကြောင်း တွေ့ရသည်။ ပြိုင်ပွဲကို မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ၀၀၄



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Gender/ CEDAW/ AGMSF/ NSPAW/ UNSCR 1325 အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်




**နေပြည်တော် မတ် ၂၆**

လူမှုဝန်ထမ်းဦးစီးဌာနက ကျင်းပသည့် Gender/ CEDAW/ AGMSF/ NSPAW/ UNSCR 1325 အသိပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းတက်ရောက်မည့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနငါးခုမှ သင်တန်းသားကိုယ်စားလှယ် အရာထမ်း၊ အမှုထမ်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အရာထမ်းသင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**မီဒီယာကဏ္ဍသည်အရေးပါ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ၏ လူမှုဘဝတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုများ၊ ထိပါးနှောင့်ယှက်မှုများ၊ အလွဲသုံးမှုများ၊ ခွဲခြားနှိမ့်ချမှုများ လျော့နည်းပပျောက်စေရေး ဆောင်ရွက်နိုင်ရန် မီဒီယာကဏ္ဍသည် အရေးပါသည့် နယ်ပယ်တစ်ခုဖြစ်ပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) လုပ်ငန်းနယ်ပယ် ၁၂ ရပ်တွင် အမျိုးသမီးနှင့်မီဒီယာ လုပ်ငန်းနယ်ပယ်တစ်ခုပါဝင်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက Focal အဖြစ် တာဝန်ယူထားပါကြောင်း၊ ယနေ့သင်တန်းကို အမျိုးသမီးအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်၍ စွမ်းဆောင်ရည်မြင့်မားရေး၊ ကဏ္ဍစုံတွင် ကျား၊ မ ဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်နိုင်ရေးအတွက် ဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းစေရန်နှင့် သက်ဆိုင်ရာဌာနများတွင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် Gender Mainstreaming ကို အကောင်အထည်ဖော်နိုင်ရန်အတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း သင်တန်းမှရရှိသည့် ဗဟုသုတများဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် ပင်မလုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများတွင် ကျား၊ မ ရေးရာအမြင်ဖြင့် အလေးထားဆောင်ရွက်သွားကြရန်၊ အမျိုးသမီးများအနေဖြင့် မီဒီယာနှင့် သတင်းအချက်အလက် အသုံးပြုပြီး စွမ်းဆောင်ရည် တိုးတက်မြင့်မားကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ ယခုဖွင့်လှစ်သော သင်တန်းကရရှိသည့် ဗဟုသုတ၊ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သင်ခန်းစာများ ရှင်းလင်းဆွေးနွေးခြင်း၊ အပြန်အလှန်မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများ လူမှုရေးပင်စင် ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနား တက်ရောက်



**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့၊ နေပြည်တော်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ နေပြည်တော် အမျိုးသမီးနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ ဘိုးဘွားရိပ်သာများမှ တာဝန်ရှိသူများနှင့် အဘိုးအဘွားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်ပါ အမျိုးသားလူမှုရေးပင်စင် ထောက်ပံ့ခြင်း အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အသက် ၉၀ နှင့်အထက် ဘိုးဘွားများကို တစ်ဦးလျှင် တစ်လတစ်သောင်းနှုန်းဖြင့် သုံးလလျှင်တစ်ကြိမ် ငွေကျပ် သုံးသောင်းနှုန်း ထောက်ပံ့ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ယခုကာလအထိ အသက် ၈၅ နှစ်နှင့်အထက်သို့ အသက်လျှော့ချ၍ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၃-၂၀၂၄၊ ဘဏ္ဍာနှစ် ပထမ သုံးလပတ်အတွက် ဘိုးဘွား ၄၉၂၉ ဦး၊ ဒုတိယ သုံးလပတ်အတွက် ဘိုးဘွား ၄၉၀၂ ဦးတို့ကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ ယခုတတိယ သုံးလပတ်အတွက် ပြည်ထောင်နယ်မြေ နေပြည်တော်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ထောက်ပံ့ရန် အကျုံးဝင်သည့် ဘိုးဘွား ၄၉၁၀ ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘိုးဘွား ၄၉၁၀ အတွက် ထောက်ပံ့ငွေကျပ် ၁၄၇ ဒသမ ၃၀၀ သန်းကို ထောက်ပံ့ပေးအပ်ရာ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးတင်မောင်ဆွေကလက်ခံရယူပြီးနေပြည်တော်ကောင်စီဥက္ကဋ္ဌက အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၁၀ ဦးကို ထောက်ပံ့ငွေများ လက်ဝယ်အရောက် ပေးအပ်၍ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက မြို့နယ်ရှစ်မြို့နယ်အတွင်းရှိ ဘိုးဘွားများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်လာကြသည့် ဘိုးဘွားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



သန်လျင်မြို့နယ်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိခဲ့ကြသည့် ဆရာတော်များ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၂၆ ရက်က သာသနာ့ဗိမာန်တော်ကြီးတွင်ကျင်းပရာ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိသည့် ဒေါက်တာအိအိမွန်(ခ)ဂျူဂျူးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က ဘွဲ့တံဆိပ်နှင့်ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။

တင်ဝင်းတင်

# (၇၉)နှစ်မြောက်တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**မှော်ဘီ မတ် ၂၆**

(၇၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပက်တန်းကျေးရွာတွင် ကျင်းပသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးစောမာနိုးနှင့် ကျေးရွာမြစိမ်းရောင်ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းအောင်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ကွန်ကရစ်လမ်းသစ်ကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါကွန်ကရစ်လမ်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် ၆၄ သိန်းနှင့်ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် လမ်းအရှည် ၁၀၈၅ ပေ၊ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**



# မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ဝင်းအတွင်း ဂါလန် နှစ်သိန်းဆံ့ မြေအောက် ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်နေမှု၊ ၁၃၈၅ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ပြည်သူ့ရင်ပြင်ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး ရေမှုန်ရေမွှားလျှောက်လမ်းများ၊ ရောင်စုံထီးများဖြင့် အလှဆင်နေမှု၊ ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ် တည်ဆောက်နေမှု၊ တောင်ထန်းတဲများ နေရာချထားမှု၊ ရေပိုက်များသွယ်တန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မဏ္ဍပ်များ ကြံ့ခိုင်ကောင်းမွန်အောင် တည်ဆောက်ရေးဆောင်ရွက်ရန် မှာကြားပြီး ပြည်သူ့ရင်ပြင် ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်အတွက် ပြည်သူ့ဥယျာဉ်အတွင်းရှိ PE ရေကန်မှ ရေပိုက်များဖြင့် သွယ်တန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းအကြား မဟာဗန္ဓုလပန်းခြံ လမ်းတစ်လျှောက် လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေး ခင်းကျင်းပြင်ဆင်နေမှု၊ ဖျော်ဖြေရေးမဏ္ဍပ်တည်ဆောက်နေမှုနှင့် မြို့တော်ခန်းမရှေ့ ဖျော်ဖြေရေးမဏ္ဍပ်နှင့်ရေကစားမဏ္ဍပ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မဏ္ဍပ်များကြံ့ခိုင်ကောင်းမွန်အောင် တည်ဆောက်ရေး၊ ယာဉ်သွားလာမှု အနှောင့်အယှက်မဖြစ်စေရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



သတင်းစဉ်

## ဒိုက်ဦးမြို့နယ်တွင်းရှိ စားသောက်ကုန်ထုတ်လုပ်ငန်းရှင်များအား အသိပညာပေးဟောပြောပွဲ ကျင်းပ

ဒိုက်ဦး မတ် ၂၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၆ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်ငန်းရှင်(MSMEs) များအား ကောင်းမွန်သန့်ရှင်းမှုကျင့်စဉ်နှင့် အစားအသောက် ထုတ်လုပ်ခြင်း (FDA)ထောက်ခံချက် လျှောက်ထားရန်လိုအပ်သော အချက်အလက်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်မေသန်းနိုင်က စားသောက်ကုန်ထုတ်လုပ်ငန်းများ၏ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့် ကောင်းမွန်သန့်ရှင်းမှုကျင့်စဉ်တို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီးနောက် ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန အစားအသောက်ဌာနခွဲ ဦးစီးအရာရှိ ဒေါက်တာ ဖြူရတနာက On Line E Sub_System ဖြင့် FDA ထောက်ခံချက် လျှောက်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများ၏မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



## မြန်အောင်မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

မြန်အောင် မတ် ၂၆

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့နံနက်ပိုင်းက မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက် စနေဆွမ်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

**အသိပညာပေး**

ပန်းခင်းစီမံချက်(၃) ကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြန်အောင်ခရိုင်ဦးစီးမှူး ဦးတင်မြိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးတင်မောင်မြင့်တို့ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ရုံးဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအုပ်စုနေ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ အကြောင်း အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ ဝင်းဗိုလ်(မြန်အောင်)



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ ဘွဲ့ကြိုသင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများ၏ စာမေးပွဲများ စစ်ဆေးပြီးစီး

သန်လျင် မတ် ၂၆

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ် (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ်(ပထမနှစ်ဝက်)သင်တန်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာတန်း(ပထမနှစ်) ဒုတိယနှစ်ဝက် သင်တန်းများ၏ ကွန်ပျူတာလက်တွေ့စာမေးပွဲများကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ရေးဖြေစာမေးပွဲများကို မတ် ၁၈ ရက်မှ ၂၆ ရက်အထိလည်းကောင်း တက္ကသိုလ်လုံခြုံရေး စီမံချက်ပါ အစီအမံများနှင့်အညီ စစ်ဆေးပြီးစီးကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၃-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၀၁၅ | ၃၀၅၀ |
| 95 Ron | ၂၉၀၀ | ၂၉၅၀ | ၂၉၅၀ | ၂၉၁၀ | ၂၉၅၀ | ၂၉၇၅ | ၂၉၆၀ | ၂၉၃၅ | ၃၀၃၅ | ၃၀၅၀ | ၂၉၄၀ | ၂၉၆၀ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၀ | ၃၁၂၀ | ၃၁၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၂ | ၂၈၆၁ |
| HSD (500 ppm) | ၂၃၂၀ | ၂၃၉၆ |
| HSD (50 ppm) | ၂၃၆၅ | ၂၄၄၂ |
| HSD (10 ppm) | ၂၃၆၅ | ၂၄၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇၇

ဝ၆၇- ၄၁၁၂၈၂၊ ဝ၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါအလှကုန်ပစ္စည်း(၇)မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် | ပစ္စည်းနမူနာ |
|---|---|---|---|---|
| ၁။ | Y – CID / DIAMOND METEOR Eye shadow Ball 03 5g | YCID REFINED CHEMICAL INDUSTRIA CO.,LTD | Rhodamine B |  |
| ၂။ | I U Beauty / LIP GLOSS 04 4.8ml | Made in China | Rhodamine B |  |
| ၃။ | MILA COLOR / PRIMER EYEBROW Kit 03 9g | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Lead |  |
| ၄။ | Kiss Beauty / Blush Powder 2# | ဖော်ပြထားခြင်းမရှိပါ။ | Lead |  |
| ၅။ | SUNSET BEAUTY / Eyeshadow Palette 19.7g | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Rhodamine B & Lead |  |
| ၆။ | MILA COLOR / Peach SWEET PALETTE MAKEUP SET 56g | ထိုင်းဘာသာဖြင့် ဖော်ပြထားသည်။ | Rhodamine B & Lead |  |
| ၇။ | MILA COLOR /FRESH Lemon 10 COLOR EYESHADOWPALETTE 01 | ထိုင်းဘာသာဖြင့် ဖော်ပြထားသည်။ | Rhodamine B & Lead |  |

၃။ တားမြစ်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့်စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီနှင့်လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့်အလှကုန်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ် (Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ) အရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**




# ရှားမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရှား မတ် ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားမြို့ လူထုအခြေပြုဗဟိုဌာန၌ One –Stop Shop အစီအစဉ်ဖြင့် ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက One– Stop Shop အစီအစဉ်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၏ ဌာနအလိုက်လုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် One –Stop Shop အစီအစဉ်ဖြင့်ဆောင်ရွက်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ကျော်ဝင်း၊ အဖွဲ့ဝင်(၃) ဦးတင်ဇော်လင်း၊ အတွင်းရေးမှူး ရဲမှူးကျော်ဦးတို့က ပေးအပ်ကြရာ လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်း တက်ရောက်နေသော သင်တန်းသား သင်တန်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# A Tale of Lost Tail & Other Short Stories ကိုယ်တိုင်ရေးအင်္ဂလိပ်ဝတ္ထုတိုစာအုပ် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၆**

စာရေးဆရာမ A.W.Khin Myat Phone ၏ ကိုယ်တိုင်ရေး “A Tale of Lost Tail & Other Short Stories” အင်္ဂလိပ်ဝတ္ထုတိုစာအုပ် မိတ်ဆက်ပွဲအခမ်းအနားကို မတ် ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ Central Hotel ၌ ကျင်းပသည်။




အဆိုပါ စာအုပ်မိတ်ဆက်ပွဲသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟို)မှ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်)နှင့် အမှုဆောင်များ၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ ထုတ်ဝေသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

“အခု ထုတ်ဝေတဲ့စာအုပ်က လူကြီး၊ လူငယ်မရွေး ဖတ်ရှုဖို့ ရည်ရွယ်ရေးသားထားတဲ့ စာအုပ်ပါ။ အထူးသဖြင့် အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာနေတဲ့သူတွေ၊ အင်္ဂလိပ်ဝတ္ထုတို ဖတ်ရှုလိုသူတွေ၊ မြန်မာ့ဓလေ့နဲ့ကိုက်ညီတဲ့ဇာတ်လမ်းကိုစိတ်ဝင်စားတဲ့သူတွေအတွက် ဗဟုသုတရစေတဲ့ စာအုပ်ပါ။ ၂၀၁၉ ခုနှစ် အသက် ၁၆ နှစ်အရွယ်မှာ “The Red Flower and Others Short Story” အင်္ဂလိပ်ဝတ္ထုတိုကို ရေးသားထုတ်ဝေခဲ့ပြီး အခု အသက် ၂၁ နှစ်မှာ “A Tale of Lost Tail & Other Short Stories” အင်္ဂလိပ်ဝတ္ထုတိုကို ရေးသားထုတ်ဝေခဲ့တာဖြစ်ပါတယ်။ အခုမိတ်ဆက်တဲ့စာအုပ်က အခန်း ၁၁ ခန်းပါဝင်ပြီး သဘာဝလွန်ဖြစ်ရပ်၊ ထူးဆန်းထွေလာ၊ စိတ်ကူးယဉ် သဲထိပ်ရင်ဖိုနဲ့ လူငယ်စွန့်စားခန်းတွေပါဝင်တာကြောင့် လူငယ်တွေ အထူးစိတ်ဝင်စားတဲ့ စာအုပ်တစ်အုပ်အဖြစ် တွေ့ရမှာပါ”ဟု စာရေးဆရာမ A.W.Khin Myat Phone က ပြောသည်။

စာရေးဆရာမ A.W.Khin Myat Phone သည် ၂၀၁၉ ခုနှစ်တွင် “The Red Flower and Others Short Story” အမည်ဖြင့် စာအုပ်ကို ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ယနေ့ မိတ်ဆက်သည့် A Tale of Lost Tail & Other Short Stories စာအုပ်သည် ဒုတိယမြောက် စာအုပ်ဖြစ်ကာ သဘာဝလွန်၊ ထူးဆန်းထွေလာ၊ စိတ်ကူးယဉ်၊ စွန့်စားခန်းများနှင့် ဟာသစသည့် ရသမျိုးစုံပါဝင်စာအုပ်သည့် Fantasy Style ဝတ္ထုတိုကောင်းတစ်အုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို ဗိုလ်တထောင်မြို့နယ်၄၈လမ်းရှိ အာသာအကယ်ဒမီစာအုပ်တိုက်တွင် ရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**ဓာတ်ပုံ – ကနူး**

## ကောလင်းမြို့နယ် ပန်းတင်ကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်များမီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပန်းတင်ကျေးရွာကို မတ် ၂၅ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် စွပ်စွဲရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကောလင်းမြို့မှ ဆုတ်ခွာ ထွက်ပြေးသွားပြီးနောက်တွင် ကောလင်းမြို့တွင်း၌ မိုင်းရှင်းလင်းခြင်းလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်းနှင့် ကျေးရွာများအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် နေအိမ်များမီးလောင်ပျက်စီးလျက်ရှိသည်။

ယခုဖြစ်စဉ်သည်လည်း ကောလင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ပန်းတင်ကျေးရွာအတွင်းမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး နေအိမ်များမီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် ပန်းတင်ကျေးရွာရှိနေအိမ်များ မီးလောင်ပျက်စီးရသည်ကို ပြည်သူများအား သတင်းအမှန်များသိရှိစေရန် ရေးသားဖြန့်ဝေခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်ထောင်တွင် အကျဉ်းသား ၂၀ ကျော် တိုက်ပိတ်ခံထားရဟု မဟုတ်မမှန် လုပ်ကြံရေးသား

**နေပြည်တော် မတ် ၂၆**

ထားဝယ်အကျဉ်းထောင်တွင် လက်ကိုင်ဖုန်းတွေ့ရှိသည့် အကြောင်းပြချက်ဖြင့် နိုင်ငံရေးအကျဉ်းသား အပါအဝင် အကျဉ်းသား ၂၀ ကျော် ရိုက်နှက် တိုက်ပိတ်ခံထားရကြောင်း၊ ရိုက်နှက်စစ်ဆေးမှုကြောင့် အကျဉ်းသားတချို့ ခေါင်းကွဲဒဏ်ရာ၊ ခြေကျိုးဒဏ်ရာ၊ မျက်နှာဖူးရောင်ဒဏ်ရာ၊ ခန္ဓာကိုယ် အညိုအမည်းစွဲ ဒဏ်ရာများ ရရှိကြောင်း Myanmar Now Facebook Page က မတ် ၂၁ ရက်တွင် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အကျဉ်းထောင် တာဝန်ရှိသူက ရှင်းလင်းရာတွင် ထားဝယ်အကျဉ်းထောင်၌ မတ် ၁၃ ရက်က အထူးရှာဖွေရေးပြုလုပ်ခဲ့ရာ အကျဉ်းသား မိုးဦး (ဘ) ဦးညီလေးခိုင် ထံမှ လက်ကိုင်ဖုန်းတစ်လုံး၊ အကျဉ်းသား မောင်မောင်ပိုင် (ခ) ပိုင်ပိုင် (ဘ) ဦးခင်မောင်ထံမှ ဖုန်းတစ်လုံး၊ မတ် ၁၄ ရက်တွင် အကျဉ်းသား ဖြိုးမင်းကျော် (ခ) ဂန်သား (ဘ) ဦးအောင်ဝင်းနိုင်ထံမှ ဖုန်းတစ်လုံး၊ အကျဉ်းသား ဖွဲကိုကိုနိုင် (ဘ) ဦးငြိမ်းအေးမြင့်ထံမှ ဖုန်းတစ်လုံး၊ အကျဉ်းသား ဝင်းကျော် (ဘ) ဦးတင်ဝင်းထံမှ ဆင်းကဒ်တစ်ခု၊ အကျဉ်းသား ထွန်းဦး (ခ) ထွန်းထွန်းဦး (ဘ) ဦးသန်းစိန်ထံ မှ ဖုန်းတစ်လုံး ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် တားမြစ်ပိတ်ပင်ထားသည့် ပစ္စည်းများ လက်ဝယ်ထားရှိသူ၊ ပါဝင်ပတ်သက်သူ အကျဉ်းသားရှစ်ဦးအား အကျဉ်းထောင် နည်းဥပဒေနှင့်အညီ တိုက်ပိတ်ပြစ်ဒဏ်ချမှတ်ခြင်းသာရှိပြီး ရိုက်နှက်ထိုးကြိတ်ခြင်း တစ်စုံတစ်ရာမရှိကြောင်း ပြောကြားသည်။

ယင်းအကျဉ်းသား ရှစ်ဦးတို့သည် အကြမ်းဖက်မှု၊ လက်နက်ကိုင်ဆောင်မှု၊ ပေါက်ကွဲစေမှု၊ လူသတ်မှု၊ မူးယစ်မှု၊ ဓားပြတိုက်မှုတို့ဖြင့် နှစ်ကြီး ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူများသာဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ Myanmar Now Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေလိုသော သတင်းဖော်ပြမှုဖြစ်ပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် ရေးသားထားခြင်း ဖြစ်သည်။

**ဝေဝေဖြိုး**

## တပ်မတော်(လေ)မှ လေ့ကျင့်ရေး ရဟတ်ယာဉ်ငယ်တစ်စင်း လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် စက်ချို့ယွင်းကာ မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် မတ် ၂၆**

တပ်မတော်(လေ)မှ လေ့ကျင့်ရေး ရဟတ်ယာဉ်ငယ်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်မှူးတစ်ဦးနှင့် သင်တန်းသားတစ်ဦး လိုက်ပါ၍ လေ့ကျင့်ပျံသန်းလျက်ရှိစဉ် မိတ္ထီလာမြို့နယ် ပြည်သာယာအနီးသို့ အရောက်၌ ရုတ်တရက် စက်ချို့ယွင်းမှု ဖြစ်ပေါ်ခဲ့သဖြင့် မြေပြင်သို့ အရေးပေါ် ဆင်းသက်ခဲ့ရသည်။

ထိုသို့ ဆင်းသက်စဉ် ရဟတ်ယာဉ်မှူးနှင့် သင်တန်းသားတို့မှာ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့သော်လည်း လေ့ကျင့်ရေးရဟတ်ယာဉ်ငယ်မှာ မတော်တဆ ပျက်စီးမှုရှိခဲ့ကြောင်းနှင့် သက်ဆိုင်ရာ တပ်ဌာနချုပ်သို့ ဆယ်တင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “U Nyan Na” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေးကုန်းကျေးရွာနေ မိုးဆွေအား မွန်းလွဲ ၁ နာရီတွင် နတ်မောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူးဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ မိတ္ထီလာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံးတွင် မတ် ၂၆ ရက်က လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်စဉ်။

ခရိုင်မီးသတ်

## နမ့်စန်မြို့နယ်၌ ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ သည် မတ် ၂၀ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် နမ့်မော် ခေါက်ဆင့်ကျေးရွာအနီးတွင် ခိုလမ်မြို့ဘက်မှ နမ့်စန်မြို့ဘက်သို့ သန်းရွှေ မောင်းနှင်လာသည့် Alphard မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။




သန်းရွှေအား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

**သတင်းစဉ်**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၃၇) ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ မြေတိုင်း- ၃၇၊ မြေကွက်အမှတ်(ပ-၃၃)၊ (ပ-၃၄)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၈၀)ပေ x အနံ(၁၉၅)ပေရှိ မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်တို့ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်ဖြူသင်းနု [၁၂/ကမရ(နိုင်)၀၆၀၈၄၄]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ **ဦးစိုင်းထွန်းကျော် [၉/မတရ(နိုင်)၀၂၃၆၆၇]**မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် မြေကွက်(၂)ကွက်၏ တန်ဖိုးငွေတစ်ဝက်တိတိကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသီဟ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၂၁၂၇)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၂၅၄၇၁၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဇ/မြောက်) ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ဇောတိကအိမ်ရာ အပိုင်း(၂)၊ တိုက်အမှတ် (T-5)၊ အခန်းအမှတ်(၆၀၁)၊ ဆဋ္ဌမထပ်၊ ဧရိယာ (၂၁၀၀ စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ယင်း တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနေလင်းဇင် [၁၄/မမန (နိုင်) ၁၄၅၅၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးဇော်ဇော်အောင် [၈/ရစက (နိုင်) ၁၃၇၅၉၄]+ ဒေါ်လှိုင်လှိုင်မြင့် [၉/မခန(နိုင်)၁၈၆၄၁၇]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဇော်အောင် + ဒေါ်လှိုင်လှိုင်မြင့် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်ငွေး LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၄၇၉)**
**အမှတ် (၁၃၈)(မြေညီ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

## ရေချွေတာရေးနည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ (၆) လမ်း၊ အမှတ် (၅၈)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၊ ပထမထပ်၊ ခေါင်းရင်းခန်း တိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်သန်းဝင်းကြူ [၁၂/သဃက (နိုင်) ၀၄၉၀၆၇]ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခန့်ဇင်လင်း [၁၄/ကလန(နိုင်)၁၈၂၇၇၈] ကိုင်ဆောင်သူက လက်ရောက်အပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးခန့်ဇင်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်ဝေချို (B.A Law, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်(၇၀၂)မြေညီ၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

**❃ ကျောဖုံးမှ**

အလတ်စားစီးပွားရေးလုပ်ငန်းစုထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ လူစီးသုံးဘီးမော်တော်ယာဉ်မှာ တပ်ဆင်တဲ့ပစ္စည်းတွေကို အိန္ဒိယနိုင်ငံက မှာယူပြီး ကရင်ပြည်နယ်စက်မှုဇုန်မှာ တပ်ဆင်ထုတ်လုပ်ပါတယ်။ ကရင်ပြည်နယ်က ဒေသခံပြည်သူ ၁၀၀ ကျော်နဲ့ တစ်နိုင်တစ်ပိုင် သယ်ယူပို့ဆောင်ရေးဆောင်ရွက်နေတဲ့ ပြည်သူလူထု ၂၀၀၀၀ ကျော်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးနိုင်ခဲ့တာကို ဝမ်းမြောက်ဂုဏ်ယူစွာတွေ့ရပါတယ်။ ခေတ်နဲ့လျော်ညီစွာ အသုံးပြုနိုင်အောင် ထုတ်လုပ်ပေးထားတာဖြစ်တဲ့အတွက် စီးနင်းတဲ့သူတွေအတွက်လည်း သက်သောင့်သက်သာရှိပြီး ဘေးကင်းလုံခြုံစွာ စီးနင်းနိုင်တာကို တွေ့ရမှာပါ။

နိုင်ငံတော်က သုံးဘီးလူစီးမော်တော်ယာဉ်တွေကို တရားဝင်လိုင်စင်ထုတ်ပေးထားတာကြောင့် စီးနင်းသူရော မောင်းနှင်သူအတွက်ပါ လုံခြုံအေးချမ်းစွာနဲ့ သွားလာမောင်းနှင်နိုင်တာကို တွေ့ရမှာပါ။ ကျွန်တော်တို့အနေနဲ့ ဒီသုံးဘီးလူစီးမော်တော်ယာဉ်တွေကို အသုံးပြုပြီး စီးပွားရှာနေတဲ့သူတွေ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်တာကို အဓိကမြင်ချင်တာပါ။ ဒီသုံးဘီးလူစီးမော်တော်ယာဉ်တွေဟာ ၂၀၀-CC သာရှိပြီး ဓာတ်ဆီတစ်လီတာကို ကီလိုမီတာ ၂၀ ခန့် မောင်းနှင်နိုင်တဲ့အတွက် ဆီစားနှုန်းသက်သာရုံသာမက ပြင်ဆင်စရိတ်လည်း သက်သာပါတယ်။ SME ကဏ္ဍတစ်ရပ်အနေနဲ့ ကာလလတ်၊ ကာလရှည်မှာ အရစ်ကျစနစ်နဲ့ ရရှိနိုင်အောင် စီစဉ်ပေးထားပါတယ်။ သုံးဘီးလူစီးမော်တော်ယာဉ်ကို အငှားချမောင်းနှင်နိုင်အောင်နဲ့ မြို့ပြအင်္ဂါရပ်နဲ့အညီ စနစ်တကျဂိတ်သတ်မှတ်ပြီး ပြေးဆွဲနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု BAJAJ သုံးဘီးလူစီးမော်တော်ယာဉ်ထုတ်လုပ်ရေးမှ Project Manager ဦးမျိုးသီဟက ပြောသည်။

အဆိုပါသုံးဘီးလူစီးမော်တော်ယာဉ်များသည် ဆီစားနှုန်းသက်သာခြင်း၊ လမ်းကျဉ်းများတွင် သွားလာနိုင်ခြင်းများကြောင့် နယ်မြို့များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် အသုံးပြုသူများလာလျက်ရှိရာ အိုးဝေတက္ကစီ မောင်းနှင်မှုဖြင့် မိသားစုနှင့် အများပြည်သူ အဆင်ပြေမှုနှင့်စပ်လျဉ်း၍ သန်လျင်မြို့နယ်မှ ကိုအောင်ဆန်းဦးက "အရင်ကတော့ ဆိုင်ကယ်ကယ်ရီနဲ့ ဆိုင်ကယ်ဘေးတွဲမောင်းခဲ့ပါတယ်။ အခုတော့ အိုးဝေသုံးဘီးဝယ်ပြီးတော့ ဆွဲနေတာ တော်တော်လေးအဆင်ပြေလာပါတယ်။ ဆီစားနှုန်းသက်သာပြီး နှစ်သောင်းဖိုးနီးပါးထည့်ထားရင် ကီလို ၁၆၀ လောက် မောင်းနှင်နိုင်တာကြောင့် ပိုက်ဆံရှစ်သောင်းလောက် ရှာနိုင်ပါတယ်။ အရင်လုပ်ငန်းထက်စာရင် မိသားစုစားဝတ်နေရေးလည်း အဆင်ပြေလာတယ်။ ဘေးတွဲဆိုင်ကယ်ထက်စာရင် သုံးဘီးတက္ကစီ စီးရတာ၊ မောင်းနှင်ရတာ မိုးလုံလေလုံရှိပြီး ပိုပြီးသက်သောင့်သက်သာလည်းရှိလာတယ်။ မိသားစုရဲ့ နေ့စဉ်စီးပွားရေးခိုင်မာမှုတစ်ခုအနေနဲ့ ရပ်တည်နိုင်တာကြောင့် မောင်းနှင်သူနဲ့ ခရီးသွားတွေပါ အဆင်ပြေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုလို့ ဆိုရမှာပါ" ဟု ပြောသည်။

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများအတွက် ခေါက်တိုသယ်ယူပို့ဆောင်ရေးသာမက ရဟန်းသံဃာများ၊ ဝန်ထမ်းများ၊ ကျောင်းကြို/ ကျောင်းပို့၊ ဈေးကြို/ဈေးပို့နှင့် သက်ကြီးရွယ်အိုများအတွက်ပါ အဆင်ပြေစွာ အသုံးပြုနိုင်သည့် အိုးဝေသုံးဘီးယာဉ်များသည် အခြေခံပြည်သူတို့၏ နေ့စဉ်သွားလာမှုကို အထောက်အကူဖြစ်စေပြီး သုံးဘီးမော်တော်ယာဉ် မောင်းနှင်သူများအတွက်လည်း နေ့စဉ်ဝင်ငွေအဖြစ် ရရှိသောကြောင့် အခြေခံပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားကို အထောက်အကူဖြစ်လာ စေလျက်ရှိကြောင်း သိရသည်။

**သစ္စာ(mna)၊ ဓာတ်ပုံ - ဇွဲမာန်**

**■ မြန်မာ့လက်ရွေးစင်မှ**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလားဖူဆယ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံသို့ ဧပြီ ၅ ရက်ကတည်းက ကြိုတင်ထွက်ခွာမည်ဖြစ်ပြီး အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရထားသည့် ကူဝိတ်လက်ရွေးစင်အသင်း၊ ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်နေပြီး ပဏာမကစားသမားများအဖြစ် ဂိုးသမား-ညီညီသန့်၊ မိုင်းစိုးမြတ်သွေး (MIU)၊ ကျော်ရဲသွေး(Generations)၊ ရဲထက်နိုင် (လင်းလက်)၊ ကစားသမား- မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ထွန်းမင်းလှိုင်၊ နိုင်လင်းထွန်းကျော်၊ အောင်ဇင်ဦး၊ မျိုးသက်ကျော် (VUC)၊ မင်းချစ်သူ၊ ထွန်းထွန်းဝင်း (M2K)၊ ကိုကိုလွင်၊ မျိုးသက်အောင်၊ လှိုင်မင်းထွန်း (MIU)၊ လဖိုင်ဇော်လွန်း (Winner Soccer)၊ သော်ထက်အောင်၊ ထက်ဝေ (လင်းလက်) တို့ပါဝင်ကြသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## ကော့သောင်းမြို့၌ မြို့နယ်အဆင့်မူလတန်းနှင့် အလယ်တန်း ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း / ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ကော့သောင်း မတ် ၂၆

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် မူလတန်းနှင့် အလယ်တန်း ဘာသာရပ်စွမ်းရည်မြှင့် သင်တန်း/ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ကော့သောင်းမြို့ ပိတောက်ရွှေဝါ ရပ်ကွက်ရှိ အထက(ခွဲ) အလက(၂) ခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ငွေက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းမှူး ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီးဦးဝေယံစိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



အဆိုပါ မြို့နယ်အဆင့် မူလတန်းနှင့် အလယ်တန်း ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း/ဆွေးနွေးပွဲ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် ကျောင်းများနှင့် ဘကကျောင်းများမှ မူလတန်း၊ အလယ်တန်းပြ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန် /ဆက်)**

## ကျိုက်မရောမြို့နယ်၌ အခြေခံပညာအလယ်တန်းဆင့်နှင့် မူလတန်းဆင့် ဘာသာရပ်စွမ်းရည်မြှင့် မွမ်းမံသင်တန်း ဖွင့်လှစ်

ကျိုက်မရော မတ် ၂၆

မွန်ပြည်နယ် ကျိုက်မရော မြို့နယ် ပညာရေးမှူးရုံးက ဦးစီး၍ အခြေခံပညာ အလယ်တန်းဆင့် နှင့် မူလတန်းဆင့် ဘာသာရပ် စွမ်းရည်မြှင့် မွမ်းမံသင်တန်းကို မတ် ၂၅ ရက် နံနက် ၉ နာရီက အထက ကျိုက်မရော ပညာအားမာန်ခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် ကျိုက်မရော မြို့နယ် ပညာရေးမှူး ဒေါ်စုစုငွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ဆွေးနွေးခဲ့သည်။



အဆိုပါအခြေခံပညာ အလယ်တန်းဆင့်နှင့် မူလတန်းဆင့် ဘာသာရပ် စွမ်းရည်မြှင့် ဆွေးနွေးပွဲကို မတ် ၂၅ ရက်မှ ၃၀ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ကျိုက်မရော မြို့နယ်အတွင်းမှ အခြေခံပညာ အလယ်တန်းနှင့် မူလတန်းကျောင်းများရှိ ဆရာ ဆရာမ ၁၁၁၀ နှင့် နည်းပြဆရာ ဆရာမ ၇၆ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ စားသောက်ဆိုင်ခန်း(၅)ခန်း၊ ဆိုင်ခန်းအမှတ်(၆) Convenience Store ဆိုင်နှင့် ဆိုင်ခန်းအမှတ်(၇)ကော်ဖီဆိုင်တို့အား (၁-၅-၂၀၂၄)ရက်နေ့မှ (၃၁-၃-၂၀၂၅)ရက်နေ့အထိ (၁၁)လဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့် တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း ချက်များ ရောင်းချမည့်ရက် - (၂၆-၃-၂၀၂၄)ရက်နေ့မှ (၉-၄-၂၀၂၄)ရက်နေ့ထိ

(ခ) တင်ဒါပိတ်ရက် - (၉-၄-၂၀၂၄)ရက်နေ့ (အင်္ဂါနေ့) မွန်းလွဲ(၂:၀၀)နာရီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို (၁)စောင်လျှင် (၂၀၀၀/-)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက် အလက်သိရှိလိုပါက ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဆိုင်ခန်းနေရာ ချထားရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖုန်းနံပါတ်(၀၉-၄၂၀၀၀၃၁၈၀၊ ၀၉-၂၅၄၃၈၃၁၆၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းနေရာချထားရေးနှင့် ကြီးကြပ်ရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ (အေးသာယာ)ရပ်ကွက်၊ မဉ္ဇူ(၁၇)လမ်း၊ အမှတ်(F-61) ဟုခေါ်တွင်သော တပ်ကြပ် ဝင်းမောင် အမည်ပေါက် စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ၊ ရေ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးကျော်ဇေအောင် [၁၂/သလန(နိုင်) ၁၂၁၁၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှဦး [၁၂/ဒဂရ(နိုင်)၀၀၄၂၉၆] က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်အထောက်အထားမူရင်းများနှင့်အတူ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇) ၊အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း- ၀၉-၄၂၀၀၃၁၃၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင် (၃)လမ်း၊ အမှတ်(၁၅၃) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်- အောင်ချမ်းသာ တိုးချဲ့ကွက်သစ်၊ အိမ်ရာမြေ၊ မြေကွက်အမှတ် (ဒီ- ၁၅၃) အကျယ် (၄၀x ၆၀)ပေ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက် ပိုင်ရှင် ဦးကျော်ညွန့်ထံမှ ဒေါ်ခင်သန်းဆင့် [၁၂/သလန(နိုင်)၀၂၉၂၀၅]က ဝယ်ယူ လက်ရှိထားပိုင်ဆိုင်ကြောင်း အဆိုပါ မြေအကျယ် (၄၀x၆၀)ပေအနက်မှ အကျယ် (၂၀x၆၀)ပေ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်သန်းဆင့်ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ် တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ကိစ္စနှင့်စပ်လျဉ်း၍ ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးအေးခိုင်** | **ဒေါ်ဇင်မီသင်း** |
| **LL.B, D.B.L, D.A.Psy** | **LL.B, D.B.L, D.I.L, M.B.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်- ၁၀၈၈၃/၁၆)** | **(စဉ်- ၁၂၂၁/၁၇)** |

**အခန်း (2-I)၊ တိုက်(B)၊ ရွှေမြယာအိမ်ရာ(၂)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၀၈၆၉၈၇၊ ၀၉- ၄၅၀၀၂၂၃၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မြေသာ လမ်း၊ အမှတ် (၅၃၃) နေ ဦးခင်မောင်အေး [နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်- [၁၁/ကတန(နိုင်)၀၀၅၉၄၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံ လမ်း၊ အမှတ် (၅၂)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၆)ထပ်တိုက် အဆောက် အဦမှ အကျယ်အဝန်း (၁၂.၅ ပေx ၅၀ပေ)ရှိ အခန်းအမှတ် (5-B)၊ တတိယထပ် (၄ လွှာ) ခြေရင်းခန်း တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို ယခု တိုက်ခန်းရောင်းချသူ ဒေါ်မိုးမိုးဝေ [နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်- ၆/မမန(နိုင်)၁၄၄၀၀၄]မှ မိမိကိုယ်တိုင် တရားဝင် လက်ဝယ် ပိုင်ဆိုင်ပြီး လွတ်လပ်စွာရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ ကတိပြု၍ ဤတိုက်ခန်းအား ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက (၂၅-၃-၂၀၂၄)ရက်နေ့တွင် ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန် အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိကြောင်းတင်ပြလျက် အရောင်းအဝယ် ဆက်လက် ဆောင်ရွက်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း တရားဝင် ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဆွေဇင်သင်း (LL.B, DPS)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၅၈၅)**
**အမှတ် (19/B)၊ မစိုးရိမ်ကျောင်းလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၈၀၀၉၇၇၇၇**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ သမိုင်း၊ မြေကွက်အမှတ်- ၅/စ-၂/၁၊ မြေဧရိယာ (၀.၂၀၇)ဧကရှိ B လ/န ၃၈ မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၅ F၊ အောင်မင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော အုတ်ညှပ်အမျိုးအစား (၂)ထပ်တိုက်အဆောက်အဦ အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန တွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးထိန်လင်းဦး (ဘ) ဦးလှတင် [၁၂/ မရက(နိုင်)၀၁၄၄၆၃]၏ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရပြီး တရားဝင် ရောင်းချပေးနိုင်ကြောင်း အဆိုရှိသူ ဦးတင်ဟန်ထက် (ဘ) ဦးတင်မောင်အေး [၁၂/ကမရ(နိုင်)၀၁၄၁၄၄]၊ Lot-30, Parami Valley ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၁၉၆)** | **(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** | **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉၅၁၇၁၄၃၃** | **ဖုန်း- ၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁/က ချစ်တီးကုန်း၊ မြေကွက် အမှတ်- ၁၀၁/က၊ ဧရိယာ ၀.၀၅၅ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၀၁/က၊ ၅-လမ်း၊ ၁/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးသောင်းစိန် [၁၂/မဂဒ(နိုင်)၀၅၅၄၈၀] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၅/၂၀၂၃ ဖြင့် တရားလိုဒေါ်ပေရယ်မေဇော်မှ တရားပြိုင် ဦးသောင်းစိန်အပေါ် ကတိပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဆောင်ရွက်ခဲ့ရာ တရားလို ဒေါ်ပေရယ် မေဇော်မှ ရရှိခဲ့သော ၆-၁၀-၂၀၂၃ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားရုံး ကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ဘီလစ် ဒေါ်နုနုလှိုင်အား ခန့်အပ်သည့် တရားမဇာရီမှုအမှတ်- ၄၃/၂၀၂၃ ၏ ၂၁-၁၁-၂၀၂၃ ရက်စွဲပါ တရားရုံးနေ့စဉ် မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ မြေငှားစာ ချုပ်ဂရန်မူရင်း၊ အရပ်ကတိ အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ ဘီလစ် ဒေါ်နုနုလှိုင် [၁၂/ဥကမ(နိုင်)၀၀၄၉၃၄] မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃အေ^၃)၊ မြေကွက်အမှတ်(၂၁၂)၊ မြေအကျယ်အဝန်း ပေ(၂၆x၅၀)၊ နှစ်(၉၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၃) ဟုခေါ်တွင်သော (၁)ထပ် အုတ်ညှပ်နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက် ဒေါ်ချစ်လှ(ကွယ်လွန်)၏ အမွေစားအမွေခံများဟု အဆိုရှိသူ များထံမှ တစ်ဆင့်ဝယ်ယူထားသူ ဦးမြင့်သိန်းတင် [၁၂/မဂတ(နိုင်)၀၇၆၆၅၇]မှ ရောင်းချလိုကြောင်း အဆိုပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန် ဦးမြင့်သိန်းတင်ထံသို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများဖြင့် ယခု ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိ၊ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလွင်ဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၃၅)**
**အမှတ် (၁၀၇)၊ သဘော်ကျင်း(၉)လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-5050799**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ တိုက် (၃၈)၊ အခန်းအမှတ် မြေညီထပ်ခိုးပါ (ခေါင်းရင်းညာဘက် A)၊ (၇-လွှာ) ခေါင်းရင်းညာဘက်(A) (၈)လွှာ၊ ခေါင်းရင်း ညာဘက်(A)နေ ဦးတင်ထွန်းဦး [၁၂/ဥကတ(နိုင်)၀၈၄၆၄၉]၊ ဒေါ်မြမြသိန်း [၁၂/ဥကတ(နိုင်)၁၂၃၃၁၀]၊ ဒေါ်တင်မိမိအေး [၁၄/ပသန(နိုင်)၀၀၂၆၉၁]တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄ စီ) (S-၈၉)၊ မြေကွက်အမှတ်(၂၄၉)၊ မြေဧရိယာ (၀.၀၄၁)ဧကရှိ မြေကွက်သည် မိခင်ဒေါ်လှရီ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၈)ထပ်တိုက် အဆောက် အဦ၏ အခန်းအမှတ် မြေညီထပ်ခိုးပါ ခေါင်းရင်းညာဘက်(A) ၇-လွှာ ခေါင်းရင်းညာဘက်(A)၊ ၈-လွှာခေါင်းရင်းညာဘက်(A)၊ အခန်း(၃)ခန်း သည် ကွယ်လွန်သူ ဖခင်ဒေါက်တာ ဦးသိန်းတန်နှင့် မိခင်ဒေါ်လှရီတို့၏ အထက်ဖော်ပြပါ သားသမီး အရင်း(၃)ဦး ဖြစ်ကြသော ကျွန်ုပ်၏မိတ်ဆွေများ ကသာ အမွေဆက်ခံ ပိုင်ဆိုင်စီမံခန့်ခွဲပိုင်ခွင့် ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုမိုး ( LL.B,DBL )**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၈၀)**
**အမှတ်(၁၂.N)၊ ဂရုဏာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-254442289**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၅)၊ မြေကွက်အမှတ်-( ၂၃၃ )၊ ဧရိယာ(၀. ၀၅၉)ဧကရှိ(ဦးမောင်မောင်(ခ)လိုင်ယန်ချောင်း- အမည်ပေါက်)နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား စာချုပ်စာတမ်းအဆက်အစပ်ဖြင့်တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးသူရညီလွင် ( ၇/မလန(ဧည့်)၀၀၀၀၅၉ )နှင့်ဒေါ် ရွှေပါ စိုးဝင်း ( ၇/ပတတ(နိုင်)၀၉၀၉၇၇ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း ( LL.B ) | ဒေါ်မိုးမိုးအေး ( LL.B ) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| (စဉ်-၁၂၆၃၉) | WIPO,DL-101 Switzerland (စဉ်-၈၅၅၈) |

(တရားလွှတ်တော်ရှေ့နေများ) (ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)
အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစစ်ပိုင် ၏သား မောင်ပိုင်ဖြိုးနိုင်[၁၂/ဒဂရ(နိုင်) ၀၀၄၇၀၀]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၆၄၁၇၃၃၆**

## ပျောက်ဆုံးကြောင်း

ဦးလှိုင်ဖြိုး [၁၂/ရပသ (နိုင်)၀၅၅၃၄၄] ကိုင်ဆောင် သော နိုင်ငံကူးလက်မှတ် (679845) ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-452874016**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက် အမှတ်(၅၂၈/က)၊ (၁၂၀၀၈/ပေ)၊ မြေကွက်တည်နေရာအမှတ်-(၅၂၈/က)၊ မေခာဝီလမ်းမကြီး၊ (ဂ)ရပ်ကွက်၊ ဦးသန်းကြွယ် [၁၂/ဥကမ (နိုင်) ၀၀၅၄၉၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးသန်းကြွယ်မှ (၂၀၀၇)ခုနှစ်က ထုတ်ယူခဲ့သော အရောင်းမြေပုံမှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိဘဲ အထားအသို မှားယွင်းကာ ပျောက်ဆုံးသွားပါ ကြောင်း၊ အရောင်းမြေပုံအား အရောင်း အဝယ်ပြုလုပ်ခြင်းမရှိ၊ လွှဲပြောင်း ထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံ ထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့် လွှတ်/လှူဒါန်းထားခြင်းတို့ မရှိဘဲ အမှန်တကယ် ပျောက်ဆုံးသွားခဲ့ပါ ကြောင်း၊ ကျမ်းကျိန်လွှာအမှတ်- ၃၀၂၁/၂၀၂၃/၂၃-၈-၂၀၂၃၊ နိုင်ငံသား စိစစ်ရေးကတ်၊ ဂရန်မူရင်း၊ မြေပြင် တွင် ၁၀'x၆၀'အား အရပ်ကတိစာချုပ် ဖြင့် ဝယ်ယူထားသူ ဒေါ်မာမာယဉ်မှ ဦးသန်းကြွယ်၏ အပိုင်ပေးမြေပုံကူး လျှောက်ထားခြင်းအား သိရှိသဘောတူ ကြောင်း အရပ်ကတိနှင့် ဝယ်ယူ ထားသူ ဒေါ်မာမာယဉ်နှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက် ပါက မိမိမှတာဝန်ယူကြောင်း ဦးသန်း ကြွယ်ထံမှ GPရသူ ဒေါ်အေးသောင်း [၁၂/ဥကမ(နိုင်)၀၃၆၃၅၃]မှ ဝင်စာ အမှတ်- ၁၈၂၉/၈-၂-၂၀၂၄ ရက်စွဲဖြင့် တင်ပြလာပြီး အပိုင်ပေးစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အမှားပြင်ဆင်ခြင်း

(၂၅-၃-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၆) တွင် ဦးသန်းညွန့် (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်တွင် (၇)ရပ်ကွက်အစား (၉)ရပ်ကွက်ဟုလည်းကောင်း၊ တိုက်အမှတ် (၂၆၁)အစား တိုက်အမှတ် (၂၅၉/၂၆၁)ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် အမှားပြင်ဆင်အပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဇ/မြောက်)ရပ်ကွက်၊ ပြွန်လမ်း၊ အမှတ်(ဆ/၂၇၅ ဘီ)တစ်ခန်းတည်း RC(၆)ထပ်တိုက်မှ ပဉ္စမထပ် (၆)လွှာ ဧရိယာ (၉၂၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အရ ရောင်းချပိုင်ခွင့်ရှိသူ ဟုဝန်ခံကတိပြုသူ ဦးနိုင်ဝင်း [၁၂/ကမတ(နိုင်)၀၀၂၇၂၁]၊ ဒေါ်သန္တာမြင့် [၁၂/အလန(နိုင်)၀၄၄၇၁၈]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ် ဦးသန်းစိုး [၁၂/ဥကတ(နိုင်)၀၆၉၉၉၀]မှ တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍၎င်း တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းစိုး**
**[၁၂/ဥကတ(နိုင်)၀၆၉၉၉၀]**
**အမှတ်(၁၃၁)၊ စိန်ပန်းမြိုင်လမ်း၊ ၃၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၁၅၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၄၀)၊ မြေကွက်အမှတ်(၈၂၄)၊ ဟိုပင်လမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဦးသိန်းဇံ**(TTE-၁၀၇၉၆၁) အမည်ပေါက် ပါမစ်မြေကွက်ထဲမှ မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ အမှတ်(၈၂၄/ခ)၊ ဟိုပင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ပြုံး**[၁၂/ ဥကမ(နိုင်)၀၉၉၈၅၇]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ **ဒေါ်နွယ်နီလာဝင်း** [၁၁/သတန(နိုင်)၀၀၀၃၃၂]မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ် အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နီလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၇)၊ မြေကွက်အမှတ်(၉၇၂)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဦးလှသိန်း**(CE-၀၈၀၈၈၆)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်မိုးမြတ်မြတ်လွင်**[၈/မကန(နိုင်) ၀၀၃၆၅၉]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၃၇) ဟု ခေါ်တွင်သော အဆောက်အဦ၏ ၄-လွှာ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၇ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိထားဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာရည် [၁၂/စခန(နိုင်)၀၄၃၇၂၅] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထား(မူရင်း)များ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဆန်းဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၁)**
**ရုံးခန်းအမှတ်(၅)၊ ပထမထပ်၊ Strand Condo၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၀၆၈၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၁၈၉၊ မြေကွက်တည်နေရာအမှတ်-၁၈၉၊ ဟေမဝန်လမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးမြင့်လွင် (AB -၀၂၂၈၃၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမြင့်လွင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၂၇၂၁/၂၀၁၀ (၉-၈-၂၀၁၀) ဖြင့် ပိုင်ဆိုင်သူ ဒေါ်နီနီမြင့် [၁၂/သလန(နိုင်)၁၁၄၉၆၁] မှ အရောင်းအဝယ်စာချုပ်၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ အမြတ်ခွန်ပြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘဏ်နှင့်ဆောင်ရွက်ဆဲမှတ်ချက်နှင့်ပတ်သက်၍ ဘဏ်သို့ သွားရောက်စုံစမ်းရာ ဘဏ်မှ နှစ်ကာလကြာမြင့်ပြီဖြစ်သဖြင့် အမှုတွဲအား ရှာဖွေရန်မလွယ်ကူ တော့ကြောင်းနှင့် ယခင်ရောင်းချခဲ့သော အမည်ပေါက်ပိုင်ရှင်အား စုံစမ်းရာတွင်လည်း ဆက်သွယ်၍မရရှိခဲ့ပါကြောင်း၊ အဆိုပါမြေကွက်၏ နှစ်(၆၀)ဂရန်မူရင်း၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများမှာ မိမိ၏လက်ဝယ်တွင်ရှိပါကြောင်း၊ အထက်ပါ အကြောင်းအရာကိစ္စနှင့်ပတ်သက်၍ ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက အလုံးစုံတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၇၄၂ (၇-၈-၂၀၂၃) တို့တင်ပြ၍ အမည်ပြောင်းလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်တိုက်(၁)လုံး အဆောက်အဦရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဒေါ်နီနီမြင့်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်နီနီမြင့်၏ အမည်ပြောင်းလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၀၄)၊ အခန်းအမှတ်(M704)၊ အကျယ်အဝန်း(၁၀၅၆) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးအောင်ဖြိုးသူ[၁၂/လသန(နိုင်)၀၂၁၅၇၅]၊ ဦးစိုးနိုင်[၁၂/လသန(နိုင်)၀၀၈၇၉၉]၊ ဒေါ်ခင်သန်းရွှေ[၁၂/လသန(နိုင်)၀၁၁၂၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းရီနွမ်[၁၃/ကတန(နိုင်)၀၈၅၁၆၈]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက် (LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၆၇/၆၉)၊ အခန်းအမှတ်(4-A)၊ (၄)လွှာတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့် ရှိသူ ဦးဖြိုးမြတ်သူ [၁၂/လမန(ပြု)၀၀၀၅၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်မြတ်မိုး [၈/ဆမန(နိုင်)၀၄၃၃၁၀]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာ ကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၀၄)၊ ရွှေဟသ်ာ(၁)လမ်း၊ မြေကွက်အမှတ်-၄၇၇၊ ဧရိယာ (၀.၀၅၅) အကျယ်ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ကြီးအတွင်းမှ မြေကွက်အမှတ်-၄၇၈ နှင့် ကပ်လျက်အခြမ်း (၂၀ ပေ x ၆၀ ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးကျော်ဆွေ[၁၂/ဒဂဆ(နိုင်)၀၀၁၄၈၈] ထံက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇင်ဖြိုး အထက်တန်းရှေ့နေ (စဉ်-၄၅၇၃၉)**
**အခန်း-၃၊ (၇)လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၆၉၈၈၅၇၀၁၆၊ ၀၉-၄၂၃၁၈၁၅၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မိတ္ထီလာစီးပွားရေးတက္ကသိုလ်
## စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) အသုံးချစာရင်းအင်းပညာ မဟာဘွဲ့ (MAS) သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိတ္ထီလာစီးပွားရေးတက္ကသိုလ်က နေပြည်တော်နှင့် မိတ္ထီလာတွင် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့ သင်တန်းများသို့ ဝင်ခွင့် လျှောက်ထားနိုင်ပါသည်-

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)သင်တန်း၊ အမှတ်စဉ်(၅)၊ နေပြည်တော်
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)သင်တန်း၊ အမှတ်စဉ်(၅)၊ နေပြည်တော်
(ဂ) အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS)သင်တန်း၊ အမှတ်စဉ်(၃)၊ နေပြည်တော်
(ဃ) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) သင်တန်း၊ အမှတ်စဉ်(၁၉)၊ မိတ္ထီလာ
(င) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)သင်တန်း၊ အမှတ်စဉ် (၁၉)၊ မိတ္ထီလာ

၂။ အဆိုပါဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်း တက်ရောက်ရန် ခွင့်ပြုချက် တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံချက် လက်မှတ်ပါရှိရမည်။
(င) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(စ) သင်တန်းအား(Online) စနစ်ဖြင့် သင်ကြားမည်ဖြစ်ပါ၍ ကွန်ပျူတာတတ်မြောက်မှု ကျွမ်းကျင်ပြီး Google Classroom နှင့် Zoom Application များအား ကောင်းစွာ အသုံးပြုနိုင်သူဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေကန့်သတ် လက်ခံပါမည်။

၄။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် (၁-၄-၂၀၂၄) ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး (၁၅-၅-၂၀၂၄) ရက်နောက်ဆုံးထား၍ လာရောက်တင်သွင်းနိုင်ပါသည်။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို မိတ္ထီလာစီးပွားရေး တက္ကသိုလ်၌ (၁၈-၅-၂၀၂၄) ရက်တွင် ကျင်းပပါမည်။

၆။ သင်တန်းတက်ရောက်မှု အချိန်ဇယားမှာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေ နေ့ ဖြစ်ပါသည်။ သင်တန်းကာလမှာ (၂) နှစ်ဖြစ်ပါသည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

(က) ဌာနမှူး၊ သင်တန်းရေးရာဌာန ၊၀၉-၂၅၆၁၅၅၅၉၀၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ခ) မော်ကွန်းထိန်း၊ သင်တန်းရေးရာဌာန၊ ၀၉-၇၆၈၆၆၃၈၉၈၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

**သင်တန်းရေးရာဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-၆၊ မြေတိုင်းရပ်ကွက်အမှတ်-၂/၃(သကတ-၃)၊ မြေကွက်အမှတ်-၆၅၀၊ အောင်သိဒ္ဓိလမ်း၊ အကျယ်အဝန်း(၀.၀၆၈)ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းသန်းထွေးမှ ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်းဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီခဲ့ပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇင်မောင်မောင်** | **ဒေါ်ငြိမ်းဆုလှိုင်** |
| **(စဉ်-၁၃၀၁၁)** | **(စဉ်-၁၂၉၉၈)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်-၂၈၊ မင်းရဲကျော်စွာ(၁၈)လမ်း၊ (၃/၅)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

STAR
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၇၊ မြေကွက်အမှတ်-၁၀၄၊ မြေကွက်တည်နေရာအမှတ်-(၁၀၄)၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးခင်မောင် (CK-၀၂၁၆၃၃) အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးခင်မောင် (CK-၀၂၁၆၃၃) ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူသူ ဒေါ်ယဉ်ယဉ်ဌေး (၁၂/သခန(နိုင်)၀၅၃၀၇၃)မှ မှတ်ပုံတင်စာရင်းရေးသွင်းထားခြင်းမရှိသည့် ပါမစ်မူရင်းနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၁၅-၁၂-၂၀၂၂) ရက်စွဲပါ ရုံးခွဲစာရင်းရေးသွင်းခြင်းမပြုတော့ကြောင်း ပြန်ကြားစာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်၍ လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဒေါ်ယဉ်ယဉ်ဌေးမှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ်-၂၀၉၊ မြေကွက်တည်နေရာအမှတ်-၂၀၉၊ ရဲကျော်စွာလမ်း၊ ၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်ဂရေစီမြင့် HGU-၀၇၉၆၉၃)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၂/၂၀၂၃ ဖြင့် ဦးထက်မြတ်(ခ) ဝင်းမင်းထွန်းမှ (တရားလို)ပြု၍ ဒေါ်ဂရေစီမြင့်အပေါ် (တရားပြိုင်)ထားကာ မြေကွက်နှင့်နေအိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို တရားဝင်မှတ်ပုံတင်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ တရားလိုတောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်သည့် ၁၂-၅-၂၀၂၃ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှု အမှတ်-၃၇/၂၀၂၃၏ နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင် ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၂၀-၆-၂၀၂၃) ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လွဲ့လွဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၆) ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (၁၅)၊ အခန်း(၁) မြေညီထပ်ဟုခေါ်တွင်သော တိုက်ခန်းအား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်မြင့် [၁၄/ရကန(နိုင်)၀၈၄၆၁၂] က ပိုင်ဆိုင်မှု အရှုပ်အရှင်းများကင်းရှင်းပြီး မည်သူကိုမဆို လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံ၍ အရောင်းအဝယ်ပြုလုပ်လိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယခု အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်အား ပြီးမြောက် သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B , D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ် ၆၈၊ မြေကွက်တည်နေရာအမှတ်-၆၈၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသေးရယ် (ISN-၄၉၄၉၅၆) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးသေးရယ် ( ခင်ပွန်း) ကွယ်လွန်၍ (ဇနီး) နော်ရီးမြ [၁၂/လမန(နိုင်)၀၇၂၈၈၀] မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်းနှင့် အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမကျန်ရှိကြောင်း၊ (ခင်ပွန်း) ဦးသေးရယ် ကွယ်လွန်ချိန်တွင် ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်၍ သေတမ်းစာ ရေးသားထားခြင်း၊ တစ်စုံတစ်ရာမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း) ဦးသေးရယ်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ ဦးသေးရယ်မကွယ်လွန်မီ ဦးသေးရယ်ထံမှ အကျယ်အဝန်း (၄၃ ပေ x ၆၀ ပေ) ရှိ တရားဝင်မခွဲမစိတ်ရသေးသော (၂၀ ပေ x ၆၀ ပေ) အား အရောင်းအဝယ်စာချုပ်အမှတ်-၄၄၁၄/၂၀၂၀(၁၁-၉-၂၀၂၀) ဖြင့် ဦးကျော်ညွန့် [၆/မအရ(နိုင်)၀၂၈၁၉၅]၊ ဒေါ်ဝင်းရီ [၁၂/လမတ(နိုင်)၀၂၄၁၀၅] တို့မှ ဝယ်ယူခဲ့ပြီး ပူးတွဲပိုင်ရှင်အဖြစ် ဒေါ်နော်ရီးမြနှင့် ပူးတွဲ၍ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်းအမှတ်-၆၇၅/အေ၊ ဗိုလ်ချုပ်တောင်ကွင်း၊ ဦးပိုင်အမှတ်- ၅၆/၁၂ ၊ ၅၉၊ ၆၀/၁၊ ၆၁/၁၊ ၆၂/၁၊ ဧရိယာ (၆)ဧကအနက် (၄၀ x ၆၀)ပေရှိ မြေကွက်အမှတ် (၄၀)မြေကွက်လွတ်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ယုနွယ်ဝင်း [၁၀/မလမ(နိုင်) ၁၃၂၆၉၁]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန့်နုယဉ် [၁၁/မပန (နိုင်) ၀၉၂၀၄၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင်ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နွေးနွေးအိ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၇၅၂၅)**
**ဖုန်း-၀၉-၂၆၀၄၀၂၀၀၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## သဃ်ာန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၇

| | | |
|---|---|---|
| ရိုးမဘဏ်လီမိတက်(၎င်း၏ကိုယ်စား တောင်ဥက္ကလာပဘဏ်ခွဲမန်နေဂျာ ဒေါ်မြင့်မြင့်သော်) | နှင့် | ၁။ ဦးကံမြင့် ၂။ ဒေါ်ဖြူစင်ဝင်း ၃။ ဦးချစ်အုံး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ အမှတ်(၈၂၉)နေ တရားပြိုင်များဖြစ်သော ဦးကံမြင့်၊ ဒေါ်ဖြူစင်ဝင်းနှင့် ဦးချစ်အုံး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "(၂၂-၂-၂၀၂၃)နေ့အထိ ဘဏ်ချေးငွေအရင်း အတိုး၊ နောက်ကျဒဏ်ကြေး စုစုပေါင်းကြွေးမြီ(၃၇၅၄၀၈၅၂၃.၆၅) ကျပ်ရလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၁)ရက်၊ (၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်) နေ့ မွန်းမတည့်မီ နံနက်(၁၀း၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ(၂၅)ရက်နေ့ ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**သဃ်ာန်းကျွန်းခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ လူနေရပ်ကွက်–ဖော့ကန်၊ မြေကွက်အမှတ်(စ/၅၈)၊ အကျယ်အဝန်း(အလျား ၈၀/၈၅' x အနံ ၁၁၈/၁၂၇')၊ ဧရိယာ(၀.၂၃၈)ဧကရှိ ဒေါ်ညွန့်ညွန့်ခင်[၁၂/လမတ(နိုင်)၀၀၅၀၈၄]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက်သူ ဦးလွှမ်းမိုးဟန်[၁၂/ပဘတ(နိုင်)၀၂၄၁၇၃]နှင့် ဒေါ်စန္ဒီမြလှ[၁၂/ဒဂန(နိုင်)၀၂၇၆၇၈] တို့က မိမိတရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးညီတိုးမင်း**[၁၂/အစန(နိုင်)၂၀၇၉၆၀]နှင့် **ဒေါ်ယုနန္ဒာဝေ** [၁၁/စတန(နိုင်)၀၈၄၈၄၂]တို့က အဆိုပါမြေနှင့်အိမ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီတိုးမင်း[၁၂/အစန(နိုင်)၂၀၇၉၆၀]နှင့်**
**ဒေါ်ယုနန္ဒာဝေ[၁၁/စတန(နိုင်)၀၈၄၈၄၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မိုးသူ(စဉ်–၈၅၂၀/၂၀၁၂)** **ဦးစိုးတင့်(စဉ်–၃၆၀၈၆)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**ဖုန်း–၀၉–၇၉၃၅၉၆၆၄၅**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်–၁၄/၃၊ မြေကွက်အမှတ်(၂၁၁/၂)၊ မြေအကျယ်အဝန်း(၃၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်စာချုပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှဖေ (HGU – ၀၂၃၉၇၂) အမည်မှတ်သားတည်ရှိပါသည်။

အထက်ပါ မြေကွက်နှင့်ပတ်သက်၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ၂၀၀၇–ခုနှစ်တွင် ဘဏ်ချေးမြေပုံကူး လျှောက်ထားခဲ့ပါသည်။ ယင်းမြေပုံမြေရာဇဝင် ရရှိပြီးအချိန်မှစ၍ မည်သည့်ဘဏ်မှ ငွေချေးယူခြင်းမပြုခဲ့ဘဲ ယင်းမြေပုံမြေရာဇဝင်သည် မိဘများကွယ်လွန်သွားသည့်အချိန်၌ စာရွက်စာတမ်းများ ရွှေ့ပြောင်းထားရာမှ ရှာဖွေမတွေ့ဘဲ ပျောက်ဆုံးနေကြောင်း ရိုးသားစွာ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုန်းသန်း (စဉ်–၈၂၃၉) (B.A(Geog), R.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၁၀/ခ)၊ ဗလ္လီက(၁၂)လမ်း၊ ၁၀–ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း – ၀၉–၂၅၄၂၇၃၅၅၀၊ ၀၉–၄၅၀၀၁၉၇၄၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မြတ်ကို [၈/ရနခ(နိုင်)၀၉၇၉၆၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်–(၇)၊ ရွှေဝါဖူး(၁)လမ်း၊ မြေကွက်အမှတ်–(၃၀၇–ခ)၊ အကျယ်ပေ(၂၀x၆၀)၊ ဧရိယာ(၀.၀၂၇)ဧကရှိ ဦးခင်မောင်မြင့် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ/မီးစုံပါ လူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဒေါ်ဝင်းသူသူဖြိုး[၃/ဘအန(နိုင်) ၁၄၆၇၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မြတ်ကို [၈/ရနခ(နိုင်)၀၉၇၉၆၅]မှ (၂၂–၃–၂၀၂၄)ရက်နေ့တွင် **"နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင်လွှဲပြောင်းရောင်းချခြင်းကတိစာချုပ်"** ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေနှင့် အိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်မိတ်ဆွေမှသာ လွှဲပြောင်း၊ ရောင်းချ၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၄၄၆)(၂၇–၁၁–၂၀၁၈)**
**အမှတ်–၁၈၇(ခ)၊ သံတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၉၆၃၆၄၄၅၁၇**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၆၇

ဒေါ်ခင်နှောင်း နှင့် ဦးအောင်ဟိန်း
**(အယူခံတရားလို)** **(အယူခံတရားပြိုင်)**

၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အလုံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၀/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ အောင်သပြေလမ်း၊ အခန်း–၁၀၂၊ အမှတ်–၁၈ နေ အယူခံတရားပြိုင် ဦးအောင်ဟိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် အလုံခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၁) ရက်( ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း (၃)ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂)၊မြေကွက်အမှတ်(၂၆၇/က)၊(၁၁၇၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၂၆၇/က)၊အာသာဝတီလမ်း၊(၂)ရပ်ကွက်၊ဒေါ်တင်ကြည်(အေဒီ-၀၅၆၆၆၆)၊ဒေါ်အေးသင်(အေဒီ-၀၀၀၆၀၈)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်ဒေါ်တင်ကြည်+ဒေါ်အေးသင်တို့ထံမှအမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်-၅၇၇၂/၂၀၂၂/၂၈-၇-၂၀၂၂ဖြင့်ပိုင်ဆိုင်လာသူဒေါ်သန်းသန်းဝေ(၁၂/ဥကမ(နိုင်)၀၇၆၄၇၉)၊ဦးထွန်းသိန်း(၁၂/ဥကမ(နိုင်)၁၂၆၄၇၆)တို့မှဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ်ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ဆောင်ရွက်၍ကန့်ကွက်သူမရှိသောကြောင့်အမှုတွဲအမှတ်-မဥ/ဂရန်မိတ္တူ-၂၀၂၂၀၂၁၇၀၃/၂၀၂၂/၂၃-၈-၂၀၂၂ဖြင့်ဂရန်မိတ္တူမှန်လျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါသဖြင့်မြို့မြေစာရင်းတွင်မြေငှားစာချုပ်အမှတ်-မဥ/၂-၅၂၂/၉၃(၂၉-၉-၉၃)ဖြင့်ထုတ်ပေးထားသည့်မူရင်းဂရန်ကိုပယ်ဖျက်ပြီးဖြစ်ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်–၁၃၄၇၊ ဧရိယာ(၄၀'x၆၀')ရှိ မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးချီးနာနိုင်ဒူး (ခ)ဦးနိုင်နာဂျမားလ်(ခ)ဦးမောင်ခို အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ဦးချီးနာနိုင်ဒူး(ခ) ဦးနိုင်နာဂျမားလ်(ခ) ဦးမောင်ခို ကွယ်လွန်ပြီးနောက် အမွေစား အမွေခံအဖြစ် ရဟီမက်ဘီဘီ [၁၂/ပဘတ(နိုင်)၀၂၄၄၀၅]၊ ဦးရမ်ဇမ်အလီ [၁၂/ပဘတ(နိုင်)၀၂၄၄၇၉]တို့သည် သားသမီးနှစ်ဦး ကျန်ရစ်ခဲ့ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ဦးချီးနာနိုင်ဒူး (ခ) ဦးနိုင်နာဂျမားလ် (ခ) ဦးမောင်ခို၏ အမွေစားအမွေခံ သားသမီးအရင်းနှစ်ဦးသာ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ အမွေဆက်ခံပိုင်ဆိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရဟီမက်ဘီဘီနှင့် ဦးရမ်ဇမ်အလီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိုးလဲ့လဲ့ခိုင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်–၄၂၉၇၈)**
**၀၉–၄၄၈၀၄၆၂၀၄၊ ၀၉–၆၉၅၉၈၈၈၈၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ အမှတ်–25၊ ပထမထပ်၊ ၉၄–လမ်းနေ ဒေါ်ခင်ခင်လေး[၁၂/တမန(နိုင်)၀၈၈၇၇၈]၏သား မောင်အောင်ဝဏ္ဏစိုး[၁၂/တမန(နိုင်)၁၃၉၇၈၂]သည် မိခင်၏ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူအပြောအဆိုများကြောင့် 25–3–2024 ရက်မှစ၍ ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်အောင်ဝဏ္ဏစိုးနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စအဝဝကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်အောင်ဝဏ္ဏစိုးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်လေး**
**[၁၂/တမန(နိုင်)၀၈၈၇၇၈]**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် (၅)လမ်း၊ အမှတ် (၁၁) ၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃–လွှာ) ခြေရင်းခန်းအား အရပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မေစုစံကို [၁၀/မလမ(နိုင်)၂၃၀၄၉၃] ကိုင်ဆောင်သူထံ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးသွင်းထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ဖြေရှင်းနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်–၃၅၅၀၉/၁၆–၁၂–၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09–31066498,09–769147794**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ ပုဇွန်တောင်မြို့နယ်၊ (၅၄) လမ်းတို၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၂၀၄A+B)၊ (၅)လွှာ+(၆)လွှာ၊ အခန်းအကျယ် (၂၀x၅၀)ပေ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်စမ်းရွှေ(ဘ)ဦးမောင်သိန်း [၁၂/ကမရ(နိုင်)၀၃၆၃၀၈] အမည်ဖြင့် ချထားပေးသော အခန်း(၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဒေါ်စမ်းရွှေ၏ သမီးဖြစ်သူက တစ်ဦးတည်း တရားဝင် လက်ရှိလုံးဝပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် အဆိုပြု ကမ်းလှမ်းလာသူ ဒေါ်ဝါဝါခင်(ဘ)ဦးခင် [၁၂/ကမရ(နိုင်)၀၃၆၃၀၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌေးဝင်းဇော် (DLA–၀၁၅၅၅၅)က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက တိုက်ခန်းများအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း မူရင်းအရောင်းအဝယ်ကတိ စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၅၁၈၅၁၆၇**

## မတည်ငွေရင်းလျှော့ချကြောင်း ကြေညာချက်

Centig Logistics Services Company Limited မတည်ငွေရင်းလျှော့ချခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ ဥပဒေပုဒ်မ(၁၁၆)အပိုဒ်ခွဲ (ဇ) အရ မတည်ငွေရင်းလျှော့ချခြင်း လုပ်ငန်းစဉ်များနှင့် အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဘုတ်ဒါရိုက်တာအဖွဲ့၏ညွှန်ကြားချက်အရ**
**(CENTIG LOGISTICS SERVICES COMPANY LIMITED)**

## မတည်ငွေရင်းလျှော့ချကြောင်း ကြေညာချက်

Centig Company Limited မတည်ငွေရင်းလျှော့ချခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ ဥပဒေပုဒ်မ(၁၁၆) အပိုဒ်ခွဲ (ဇ)အရ မတည်ငွေရင်းလျှော့ချခြင်း လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဘုတ်ဒါရိုက်တာအဖွဲ့၏ညွှန်ကြားချက်အရ**
**(CENTIG COMPANY LIMITED)**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ကျွန်မ မအင်ကြင်းဖြူ [၁၂/သကတ(နိုင်) ၂၁၂၅၈၁]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

**Ph:09–758979710**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်မင်းထွန်း [၁၂/ဗတထ(နိုင်)၀၄၆၈၃၈] ၏ နိုင်ငံကူးလက်မှတ် (နံပါတ် မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ **Ph:09–758979710**

**ဒဂုံမြို့သစ်အရှေ့ပိုင်း နှင့် ဆိပ်ကမ်းရှိ မြေကွက် များ ဝယ်လိုသည်။**
**၀၉ ၄၃၀၉၁၅၂၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၃၄၅)၊ ဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်တည်နေရာ အမှတ်(၃၄၅)၊ ချယ်ရီ(၁)လမ်း၊ မြေတိုင်း(၁၂) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒုဗိုလ်မှူးကြီးကျော်စိုး [၉/မမန (နိုင်) ၀၀၇၆၄၂] အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဒုဗိုလ်မှူးကြီးကျော်စိုး [၉/မမန(နိုင်)၀၀၇၆၄၂]ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းဖေ [၁၂/အလန(နိုင်)၀၁၇၈၆၈]မှ ပါမစ်မူရင်းတွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာတင်ပြ၍ ပါမစ်(မစုံ) ဖြင့် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ လမ်း(၄၀)နေ ဦးမြလှိုင်[၁၂/တမန(နိုင်)၀၅၃၁၆၄]၊ ဒေါ်နွယ်နီဦး [၁၄/မအပ(နိုင်)၀၆၀၇၀၁] တို့၏သား မောင်မြတ်သူရိန်ကျော် [၁၂/ကတတ(နိုင်)၀၃၁၇၈၇] သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသည်မှာ ကြာပြီးဖြစ်ပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား လုံးဝတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။

**ဖခင်–ဦးမြလှိုင်**
**မိခင်–ဒေါ်နွယ်နီဦး**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်း[၁၂/ဗဟန(နိုင်)၀၆၇၃၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ် (၂၁၉)၊ အကျယ်အဝန်း(အလျား ၄၀ ပေxအနံ ၆၀ ပေ)ရှိ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၂၀ ပေ x အနံ ၆၀ ပေ) ရှိ (ဘယ်ဘက်ခြမ်း၊ ထောင့်ကွက်) ပါမစ်အမျိုးအစား မြေကွက်နှင့် အဆောက်အဦ(၂)လုံးအား ဦးမောင်မောင်[၁၂/ဥကတ(နိုင်) ၀၈၇၇၉၄]အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူ အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာမာခိုင်[၁၂/ဥကတ(နိုင်)၁၁၉၁၈၂] ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းထွန်းက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦ(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆို အထောက်အထား ခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဇင်သင်းအောင် | ဒေါ်ယမင်းလတ် | ဦးသက်ပိုင်ဝင်း |
|---|---|---|
| LL.B, B.D.S, WIPO (Switzerland) | LL.B, D.B.L, WIPO (Switzerland) | LL.B |
| (စဉ်–၁၄၄၇၉) | (စဉ်–၈၅၆၄) | (စဉ်–၅၃၅၆၆) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃–H)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၀၅၃၄၆၈, ၀၉–၉၆၅၀၅၃၄၆၈, ၀၉–၅၁၈၁၂၁၀, ၀၉–၇၈၅၁၈၁၂၁၀**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ စစ်ပင်ကွင်းကျေးရွာ၊ ကွင်းအမှတ် (၆၉၁)၊ နောင်ပြစ်ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်(၁၈/က)၊ ဧရိယာ(၃.၉၆)ဧကနှင့် ဦးပိုင်လုပ်ကွက်အမှတ်(၁၉/ခ)၊ ဧရိယာ(၅.၁၇)ဧကရှိ **ဦးသောင်းတင်**အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ–၇ ရရှိထားသော စုစုပေါင်း ဧရိယာ(၉. ၁၃)ဧကရှိ လယ်မြေများနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ–၇ ရရှိသူ တစ်ဦးတည်း တရားဝင် လက်ရှိလုံးဝပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြု ကမ်းလှမ်းလာသူ **ဦးသောင်းတင်(ဘ)ဦးချို [၁၂/ပဇတ(နိုင်)၀၀၈၃၃၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ သန်လျင်မြို့၊ Star City (ကြယ်စင်အိမ်ရာ) နေ ဒေါ်လီးလင့်(ခ)မာလာဆွေ [၁/မကန(နိုင်)၀၂၉၈၂၂]**က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက လယ်မြေများအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ–၇ မူရင်း၊ အရောင်းအဝယ် စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့် တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၅၁၈၅၁၆၇**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## သီရိပျံချီ ဦးသိန်းညွန့်

### အသက်(၇၇)နှစ်

နေပြည်တော်နေ ဒေါ်ကျင်ခိုင်၏ခင်ပွန်းဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး သီရိပျံချီ ဦးသိန်းညွန့်သည် ၁၇-၃-၂၀၂၄ ရက် (တနင်္ဂနွေနေ့) ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အစ်ကို Dr. မျိုးသန့်တင်-Dr. ဒေါ်မြရီ**
**မိသားစု**

## ဒေါ်ဦးသန်းယဉ်(စစ်တွေ)

### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၃၈)၊ မြို့မလမ်းသွယ် (၁၂)အရှေ့၊ သာကေတမြို့နယ်နေ ဒေါက်တာဦးမောင် (Advisor, New Development Engineering Co.,Ltd, Mandalay)၏ဇနီး၊ ဒေါ်ခင်မြတ်နွယ်၏မိခင်သည် ၁၇-၃-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား ၁၈-၃-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၀:၃၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

## ဦးဟန်ကြိုင်

### အသက်(၇၇)နှစ်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသင်းမြတ်ဟန်၏ ဖခင်ကြီး ဦးဟန်ကြိုင်သည် ၂၂-၃-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**
**ဆရာ၊ ဆရာမများ / အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ တိုက်အမှတ် (၈၃၀/ခ)၊ မြေကွက်အကျယ် (၂၀ပေx၆၀ပေ)ရှိ မြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့ ကန်ထရိုက်တိုက်ဆောက်လုပ်ထားသည့် (၁)ခန်းတွဲ (၃½)ထပ်တိုက်၏ (၁၈ပေx ၅၄ပေ) အကျယ်အဝန်းရှိ အပေါ်ဆုံးထပ် (ဒါဘာ)တိုက်ခန်းကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နန်းသိင်္ဂီလွင် [၁၂/ဥကတ(နိုင်)၁၀၇၁၅၅] မှ တရားဝင်လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် တိုက်ခန်းအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်ကို ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှလည်း အပြီးပြတ်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်း အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် (LL.B,D.B.L,D.M.L,D.I.L)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၆၈၃) (၂၈-၆-၁၉၉၁)** | **(စဉ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊** | **၀၉-၄၂၁၀၈၆၁၆၀** |
| **တောင်ဥက္ကလာပမြို့နယ်။ ၀၉-၄၃၀၃၂၁၈၁** | |

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ (၄)လမ်း၊ အမှတ်(၈၃၄/က) RC (၁)ခန်းတည်း (၆)ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ) တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါတိုက်ခန်းကို ဦးစံထူး [၁၂/သကတ(နိုင်)၁၄၀၆၈၄]မှ ပိုင်ဆိုင်ကြောင်း၊ လွတ်လပ်စွာ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်နီလာကျော်ဝင်း [၁၂/သကတ (နိုင်)၁၆၀၇၃၈]နှင့် ဦးပိုင်ဝင်း [၁၂/သကတ(နိုင်)၁၄၂၂၄၁]တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နီလာကျော်ဝင်းနှင့် ဦးပိုင်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**.ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၈၁၀၇)**
**အမှတ် (၂၃၈)၊ မာန်ပြေ (၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၆၅၉၃၉**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးကျင်မင်း(ညီပု)

**လ/ထညွှန်မှူး(ငြိမ်း) ပြည်သူ့လွှတ်တော်ရုံး**

### အသက်(၈၃)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်၊ ရုံးတက်လမ်းနေ (ဦးအဟီ-ဒေါ်ဖြူ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်းလမ်းမကြီး၊ အမှတ်(၄၈)၊ ပ-ထပ်နေ ဒေါ်ခင်ကျင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးနိုင်)-ဒေါ်ယဉ်ယဉ်စမ်း၊ ဒေါ်ခင်ခင်ကြူ၊ ဦးစိုးမင်း၊ ဦးဝင်းကြည်-ဒေါ်ခင်ခင်ဝင်း၊ ဦးစိုးလင်း၊ ဦးသန့်စင်(Sanny)-ဒေါ်ခင်ခင်ထွေးတို့၏ မွေးဖခင်ကြီး၊ မြေး ခြောက်ယောက်၊ မြစ် သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၂၄ (တနင်္လာနေ့) နံနက် ၃:၄၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၃-၂၀၂၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေခြင်းအကျိုးငှာ ၃၁-၃-၂၀၂၄ (တနင်္ဂနွေနေ့)နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုပစ္စည်း အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည် ဖြစ်ပါသဖြင့် အမှတ်(၄၈)၊ ပ-ထပ်၊ လှည်းတန်းလမ်းမကြီး၊ ကမာရွတ်မြို့နယ် နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ဝင်း(ခ)မမီး(ရေကျော်)

### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်နေ (ဦးလှကြည်-ဒေါ်အေးမြင့်)တို့၏ သမီးငယ်၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ်(၆)နေ ဦးထွန်းအောင်(ကုန်းလမ်းပို့ဆောင်ရေး-ငြိမ်း)၏ ဇနီး၊ ကိုရန်ရှင်းအောင်(သမဝါယမ)တို့၏ မိခင်၊ (ဦးသန်းအေး)-ဒေါ်ခင်မမလှိုင် (စီမံကိန်းဦးစီးဌာန)၊ ဒေါက်တာမျိုးသန့်တင်-ဒေါက်တာဒေါ်မြရီတို့၏ ညီမအငယ်ဆုံး၊ ဦးကြည်စိန်-ဒေါ်ခင်ချိုဝင်း၊ ဦးအောင်ကြည်-ဒေါ်ယဉ်ယဉ်မြ၊ [ဦးညွန့်ရီ(ခ)ကွာစိ]-မငြိမ်းငြိမ်းရီတို့၏ ညီမ၊ ဦးညိုဦး(မီးရထား)-ဒေါ်တင်တင်စိုးတို့၏ အဒေါ်၊ တိုက်(၁၀)၊ အခန်း(၂)၊ ပန်းလှိုင်အိမ်ရာ (ကြည့်မြင်တိုင်)နေ ဒေါ်ကြည်ကြည်ဝင်း (၆၅)နှစ်သည် ၂၅-၃-၂၀၂၄ ရက် နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ စဥ့်အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်-ဒေါက်တာဒေါ်မြရီတို့၏ ညီမဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း အသက်(၆၅)နှစ်သည် (၂၅-၃-၂၀၂၄)ရက်တွင် ရန်ကုန်မြို့အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစဥ့်အသင်း**
**ရွှေဘို - ကျောက်မြောင်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ စဥ့်အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်-ဒေါက်တာဒေါ်မြရီတို့၏ ညီမဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း အသက်(၆၅)နှစ်သည် (၂၅-၃-၂၀၂၄)ရက်တွင် ရန်ကုန်မြို့အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစဥ့်အသင်း**
**ရွှေဘို - ကျောက်မြောင်းဝန်ထမ်းများ**

## "ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်- (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၁၀)လမ်း၊ မြေကွက်အမှတ်(၈၇၉)၊ မြေအမျိုးအစား နှစ်(၆၀) မြေငှားဂရန်၊ အကျယ်အဝန်း (အလျား၂၀ ပေx အနံ ၆၀ပေ)၊ (၁၂၀၀ စတုရန်းပေ)၊ ဧရိယာ (၀.၀၂၇)ဧကရှိ ဒေါ်ခင်ပု အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဒေါ်အေးအေးစန်း [၁၂/ဥကတ(နိုင်) ၁၁၈၅၄၆]သည် မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့ပြီး တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စောဝင်း [၁၂/သကတ (နိုင်)၀၉၁၇၈၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ရောင်းချသူပိုင်ရှင် ဒေါ်အေးအေးစန်း[၁၂/ဥကတ(နိုင်)၁၁၈၅၄၆]ထံ စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အဆိုပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမွန်ခိုင် (LL.B. D.B.L., D.I.L) DL.(101) IP LAW (WIPO, SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၃၅၃)**
**အမှတ်- ၅၅၇/၅၆၇၊ အခန်း ၉၀၂၊ (၉ လွှာ) MAC Towen**
**မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၂၈၉၇၇၃၊ ၀၉-၇၉၅၁၈၈၉၈၅**

## ဒေါ်ခင်နှင်းနွယ်(ခ) ဆရာမကြီး ဒေါ်ရွှေမူယာအောင်

### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ တိုက်အမှတ်(၇)၊ အခန်း (၇)နေ (ဦးထွန်းကြည်-ဒေါ်ခင်အုန်းမြင့်)တို့၏သမီး၊ (ဦးအုန်းခိုင်-ဒေါ်ခင်သန်းမြင့်)တို့၏ ချွေးမ၊ ဦးမြတ်ခိုင်၏ ချစ်လှစွာသောဇနီး၊ ဒေါ်ရီရီထွန်း၊ (ဒေါ်ညိုညိုထွန်း)၊ (ဦးသူရိန်ထွန်း)၊ ဦးရဲမင်းထွန်း၊ ဒေါ်ဇင်မာထွန်း၊ ဒေါ်သန္တာထွန်းတို့၏ အစ်မကြီး၊ ဒေါက်တာစိုးမြတ်နွယ်-မစ္စတာယောန် လု(ခ်)လယ်မာဟျူးရ်၊ (ဒေါ်ဝင်းပပခိုင်)၊ ဦးဇေယျာမြတ်ခိုင်-ဒေါ်သီတာမြင့်သွေး၊ ဦးဝသုန္ဒြေမြတ်ခိုင်-ဒေါ်ပြည့်ပြည့်ဖြိုး၊ (မမေသကြိန်မြတ်ခိုင်)တို့၏မိခင်ကြီး၊ မောင်စစ်နိုင်ဇေယျာ၊ မောင်အိုလီဗာပြည်အေးလယ်မာဟျူးရ်၊ မောင်အာကာဖြိုးမြတ်၊ မောင်နိုင်ငံတော်၊ မောင်ဇေလင်းထက်တို့၏ ချစ်လှစွာသောအဘွားဖြစ်သူသည် ၂၄-၃-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၄ ရက်တွင် အန္တိမစျာပနအခမ်းအနားကို ရန်ကုန်မြို့၊ ရေဝေးသုသာန်၌ နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ၁/က ခန်းမတွင် ပြုလုပ်ကာ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ကျန်ရစ်သူမိသားစုမှ ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်နှင့် ၃၅-လမ်း၊ အနော်ရထာလမ်းထောင့်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်မည်ဖြစ်ပါသည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၄ (စနေနေ့)တွင် အထက်ပါနေအိမ်၌ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းခဲဖွယ်ချိုချဉ်အရသာနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ဖြင့် ရေစက်သွန်းချအမျှပေးဝေလှူဒါန်းမည်ဖြစ်ပါသောကြောင့် အတူတကွ တရားတော်နာကြွရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မာဆွေ**

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး(ငြိမ်း)**

### အသက် (၆၅) နှစ်

သူငယ်ချင်း ဒေါ်ခင်မာဆွေသည် ချစ်သူခင်သူ၊ တွယ်တာမြတ်နိုးသူ၊ ချစ်နှစ်သက်သောသူ၊ မချစ်မနှစ်သက်သောသူတို့ကိုလည်းကောင်း၊ ချစ်သောအရာ၊ မြတ်နိုးသောအရာ၊ တွယ်တာစုံမက်သော အရာတို့ကိုလည်းကောင်း အလုံးစုံထားရစ်လျှက် မမျှော်မလင့်ပါဘဲ သံသရာခရီးသို့ (၂၁. ၃. ၂၀၂၄) ရက်နေ့က အပြီးတိုင်ထွက်ခွာသွားခဲ့ခြင်းကြောင့် သူငယ်ချင်းများက လွမ်းဆွတ်တသ ဝမ်းနည်းကြေကွဲ ရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိဘုံသို့ ရောက်ရှိနိုင်ပါစေ။

**တရားရေးအရာရှိ အပတ်စဉ် (၃) သူငယ်ချင်းများ**


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ (ယခင်) ရန်ကုန်(တောင်ပိုင်းခရိုင်) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ယာယီမြေပေးအမိန့်အမှတ်- ၃၄၉/၂၀၂၀ အရ ဦးတင်ဦး [၁၂/တတန(နိုင်)၀၈၁၁၈၀]အမည်ဖြင့် ပြန်လည်နေရာချထားသည့်အုပ်စု - RA-3၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ် (၀၃၃၅)၊ ဧရိယာ (၄၇' ၈''x ၆၀') အကျယ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးတင်ဦး [၁၂/တတန(နိုင်)၀၈၁၁၈၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ကိုကိုဦး ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၇၄)**
**တိုက် (၁)၊ ကွမ်းခြံ (၂) လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၁၆၉၄၆၀**

MOEE
YESC

မိမိအိမ်တွင် ရေပိုက်၊ ရေဘားများ မလုံခြုံ ယိုစိမ့်မှုကြောင့် ရေတင်ရချိန် ပိုမိုကြာမြင့်နိုင်သဖြင့် ဓာတ်အားပိုမို အသုံးပြုရပါသည်။
ထို့ကြောင့် ရေလေလွင့်ခြင်းနှင့် ဓာတ်အားလေလွင့်မှုမရှိစေရန် သတိပြုဆင်ခြင်သင့်ပါသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေးအကျိုးစီးပွားပင် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားကို အထောက်အပံ့ဖြစ်စေသည့် သုံးဘီးမော်တော်ယာဉ်ဝန်ဆောင်မှု ပိုမိုတွင်ကျယ်လာ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့နှင့် နယ်မြို့များတွင် အခြေခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားကို အထောက်အပံ့ဖြစ်စေသည့် သုံးဘီးမော်တော်ယာဉ်များကို ခရီးသွားဝန်ဆောင်မှုကဏ္ဍတွင် ပိုမိုတွင်ကျယ်စွာ အသုံးပြုလာလျက်ရှိသည်။



ယဉ်ကျေးမှု နယ်မြေများ၊ ဟိုတယ်များနှင့် အပန်းဖြေစခန်းတို့ရှိ ခရီးသွားဝန်ဆောင်မှုများနှင့် မြို့နယ်တို့တွင် ခရီးတိုသွားလာမှု အဆင်ပြေ၍ မြန်ဆန်သော သုံးဘီးမော်တော်ယာဉ်များကို အသုံးပြုလာကြလျက်ရှိရာ ပြည်တွင်းပြည်ပခရီးသွား အများဆုံးဝင်ရောက်ရာ ပုဂံဒေသနှင့်မြို့ပေါင်း ၉၀ ကျော်တို့၌ သုံးဘီးမော်တော်ယာဉ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

"ကျွန်တော်တို့ BAJAJ လုပ်ငန်းအနေနဲ့ လူစီးသုံးဘီးမော်တော်ယာဉ် ထုတ်လုပ်မှုဟာ လက်ရှိနိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အသေးစား၊

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ✻

## ယနေ့ ဖတ်စရာ

**(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏ နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲ ကျင်းပ**

စာမျက်နှာ » ၁၄

**သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်**

စာမျက်နှာ » ၁၇

**ကောလင်းမြို့နယ် ပန်းတင်ကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်များမီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၈

## ထူးခြားသည့် နေ့အပူချိန်များ

ရန်ကုန် မတ် ၂၆

| | | |
|---|---|---|
| ချောက် | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| မော်လမြိုင် | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၄၀ | ဒီဂရီဆဲလ်စီးယပ် |

# မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အာရှဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ လေးပွဲကစားမည်

ရန်ကုန် မတ် ၂၆

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီလတွင်ယှဉ်ပြိုင်ရမည့် ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်မတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ လေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ခြေစမ်းပွဲနှစ်ပွဲ ကစားမည်**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် မတ် ၁၈ ရက်တွင် ပဏာမကစားသမား ၂၀ ဖြင့် စတင်လေ့ကျင့်ခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲ လေးပွဲကို ရန်ကုန်မြို့တွင် နှစ်ပွဲ၊ ထိုင်းနိုင်ငံတွင် နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲ ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲ နှစ်ပွဲကို နှစ်ရက်ဆက်တိုက်ကစားမည်ဖြစ်ပြီး မွန်းလွဲ ၃ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

**စာမျက်နှာ ၁၉ ကော်လံ ၅ သို့** ■



မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း လေ့ကျင့်နေစဉ်။